မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၈၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

၂၀၁၄ ခုနှစ်၊ ဧပြီ ၃ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏မေးခွန်းများဖြေကြား

နေပြည်တော် ဧပြီ ၂

နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်မှစတင်၍ ကောက်ယူလျက်ရှိပြီး ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်မိသားစု၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးဦးချိုထွန်း၊ ဦးစီးအရာရှိ ဒေါ်တင်မိုးမိုးအေး၊ စာရင်းကောက် ဒေါ်မြင့်မြင့်ကြည်တို့ပါဝင်သော သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လာရောက်ကောက်ယူခဲ့ကြသည်။

ဖြေကြား

သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးခွန်းများကို မေးမြန်းဖြည့်စွက်ရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့က ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ငွေကြေးဝန်ဆောင်မှု ပိုမိုလျင်မြန်လုံခြုံမည့် E-Commerce Gateway

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ၏ ငွေကြေးလည်ပတ်သုံးစွဲမှုစနစ်ကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့ ကြိုးစားလျက်ရှိသည်။ ယခုအခါ ဘဏ်စနစ်များလည်း အရှိန်အဟုန်ရရှိနေပြီဖြစ်ရာ CBဘဏ်၏ E- Commerce Gateway နှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများကို ရန်ကုန်မြို့ တာမွေမြို့နယ် ဆရာစံပလာဇာ၌ ဧပြီ ၂ ရက်က ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳

ပြည်သူလူထုအား အသိပေးတင်ပြခြင်း

၁။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းအား နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့ မှစ၍ ဆောင်ရွက်လျက်ရှိသည်။ ယနေ့ ဧပြီလ ၂ ရက်နေ့သည် စတုတ္ထမြောက်နေ့ဖြစ်သည်။

၂။ စာရင်းကောက်ယူရရှိမှုနှင့် ပတ်သက်၍ ၃၁-၃-၂၀၁၄ ရက်နေ့အထိ စာရင်းကောက်ယူဆောင်ရွက်မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၄၄၇၀၉၊ ကယားပြည်နယ်တွင် အိမ်ထောင်စု ၉၄၀၈၊ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၆၀၉၄၇၊ ချင်းပြည်နယ်တွင် အိမ်ထောင်စု ၁၃၂၆၂၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်အိမ်ထောင်စု ၂၁၆၅၉၅၊ တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၆၁၂၉၆၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် အိမ်ထောင်စု၁၃၈၅၃၀၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် အိမ်ထောင်စု ၁၀၄၅၃၅၊ မကွေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၁၇၄၁၆၉၊ မန္တလေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၄၉၀၅၁၊ မွန်ပြည်နယ်တွင် အိမ်ထောင်စု ၈၀၃၇၉၊ ရခိုင်ပြည်နယ်တွင် အိမ်ထောင်စု ၆၅၄၇၇၊ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၉၈၄၂၄၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အိမ်ထောင်စု ၂၂၄၀၆၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အိမ်ထောင်စု ၉၁၈၀၁၊

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ❁

မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စနစ်တကျရှိဟု UNFPA မှ လေ့လာသူကဆို

မိုးညှင်း ဧပြီ ၂

နိုင်ငံတကာနှင့်ယှဉ်လျှင် သန်းခေါင်စာရင်းကောက်ယူရာ၌ မေးမြန်းသူများကလည်း တိကျစွာမေးမြန်းနိုင်ကြောင်း၊ ဖြေဆိုသူများကလည်း မေးခွန်းကို သဘောပေါက်နားလည်စွာဖြင့် ဖြေကြားနိုင်ကြောင်း၊ စာရင်းကောက်ယူရာ၌ မြန်မာနိုင်ငံသည် စနစ်တကျရှိကြောင်း၊ အာဏာပိုင်နှင့်လွှတ်တော်ကိုယ်စားလှယ်များပါမကျန် အပြည့်အဝကူညီပေးနေသည်ကိုတွေ့ရှိရကြောင်းဖြင့် ဧပြီ ၁ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနေမှုကို လေ့လာကြည့်ရှုပြီးနောက် UNFPA မှ International Observer Ms.Lantona Sado က မှတ်ချက်ပြုပြောကြားလိုက်သည်။

အဆိုပါ UNFPA မှအဖွဲ့သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ပြည်သူ့လွှတ်တော်(နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီဝင်) ဦးကျော်စိုးလေး၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ မဲဆန္ဒနယ်အမှတ်(၆)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးအမ်ဇော်နော်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် *စာမျက်နှာ ၁၀ ကော်လံ ၁ သို့* ❖

မှန် ဒေါက်တာ
U.S.A.
(: 09-4211 51119, 09-4500 54440
(: 09-7322 9563, 09-2500 38811

T-Bar, L-Bar
01-541 018, 01-450 783, 09-730 20031

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သင်္ကြန်နှင့်လုံခြုံရေးစည်းကမ်း

မကြာမီကာလအတွင်း မြန်မာ့ရိုးရာ နှစ်ကူးအတာသင်္ကြန်သို့ရောက်ရှိတော့မည်ဖြစ်ပါသည်။ မြန်မာပြည်သူတစ်ရပ်လုံး လူကြီးလူငယ်အားလုံး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက် နှစ်သစ်ကူးကြရန် အင်တိုက်အားတိုက်ပြင်ဆင်နေကြပြီဖြစ်ပါသည်။ ဤသို့သင်္ကြန်ပွဲတော်ကြီးကို အောင်မြင်စွာ ဆင်နွှဲကြလျက် နှစ်သစ်ကူးနိုင်ရန် လုံခြုံရေးစည်းကမ်းများကို အားလုံးကလိုက်နာဆောင်ရွက်ကြရန် အထူးပင်အရေးကြီးပါသည်။

လုံခြုံရေးဟုဆိုရာတွင် အကြမ်းအားဖြင့်သုံးမျိုးသုံးစားခွဲခြားသတ်မှတ်နိုင်ပါသည်။ ယင်းတို့သည်ကား မဏ္ဍပ်များလုံခြုံရေး၊ ယာဉ်အန္တရာယ်လုံခြုံရေးနှင့် လူပုဂ္ဂိုလ်လုံခြုံရေးပင်ဖြစ်ပါသည်။ ဤလုံခြုံရေးသုံးရပ်ကို စည်းကမ်းတကျ လိုက်နာဆောင်ရွက်သွားကြမည်ဆိုလျှင် သင်္ကြန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာဆင်နွှဲကြလျက် နှစ်သစ်ကူးနိုင်ကြမည်ဖြစ်ပါသည်။

ရေကစားမဏ္ဍပ်တစ်ခုချင်းစီ၏ လုံခြုံရေးသည် အရေးကြီးပါသည်။ရေကစားသူအချင်းချင်း ခိုက်ရန်မဖြစ်ပွားရေးအပြင် မသမာသူတို့၏ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်မလာစေရေးအတွက် မျက်ခြည်မပြတ်၊ မလစ်လပ်သောသတိဖြင့် စောင့်ကြည့်ကာကွယ်ထားရန် လိုအပ်ပါသည်။ မဏ္ဍပ်တိုင်းတွင် လုံခြုံရေးကင်မရာ CCTV များ တပ်ဆင်ထားခြင်း၊ မဏ္ဍပ်များအနီး ကိုယ်ပိုင်လုံခြုံရေးများထားရှိခြင်းတို့ဖြင့် အမြဲမပြတ်လုံခြုံရေးစောင့်ကြပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

သတိဟူသည် ပိုသည်မရှိပါ။ သတိဖြင့် ဆင်ခြင်လုပ်ကိုင်ခြင်းဖြင့် အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ထို့အတူ ယာဉ်အန္တရာယ်လုံခြုံရေးသည်လည်း အထူးအရေးကြီးပါသည်။ ရန်ကုန်၊မန္တလေးကဲ့သို့သော မြို့ကြီးများတွင် ယာဉ်အန္တရာယ်လုံခြုံရေးကို အထူးသတိပြုကြဖို့လိုပါသည်။ ယခုအခါ မြို့ကြီးများ၌ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ် အသုံးပြုမှုများပြားလာပါသည်။ ယာဉ်များကို စည်းကမ်းမဲ့စွာ မောင်းနှင်ကြခြင်းဖြင့် ယာဉ်အန္တရာယ်များဖြစ်ပွားလာမည်ဖြစ်ပါသည်။ မူးယစ်သောက်စားခြင်း၊ အပျော်လွန်ကဲခြင်းတို့ကြောင့် ယာဉ်များကို စည်းကမ်းမဲ့စွာ မောင်းနှင်တတ်ကြပါသည်။ စည်းကမ်းချိုးဖောက်ခြင်းကြောင့် ယာဉ်အန္တရာယ်များဖြစ်ပွားလာနိုင်ပါသည်။

တစ်ဖန် လူပုဂ္ဂိုလ်လုံခြုံရေးသည်လည်းအရေးကြီးပါသည်။ လူပုဂ္ဂိုလ်လုံခြုံရေးဟုဆိုရာတွင် လူအချင်းချင်း မူးယစ်သောက်စားပြီး ရန်ဖြစ်ခြင်း၊ ကြမ်းတမ်းစွာ ရေကစား၍ခိုက်ရန်ဖြစ်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤနည်းအားဖြင့်လည်း မြန်မာ့ရိုးရာသင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်စေနိုင်ပါသည်။ အချင်းချင်းအန္တရာယ်များဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးအေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မဏ္ဍပ်များလုံခြုံရေး၊ ယာဉ်အန္တရာယ်လုံခြုံရေးနှင့် လူပုဂ္ဂိုလ်လုံခြုံရေးတို့ကို အစဉ်သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်းက လုံခြုံရေးသတိရှိပြီး စည်းကမ်းများလိုက်နာကြရမည်ဖြစ်ပါသည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ ခရီးသွားမှတ်တမ်း နိုင်ငံတကာသို့ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ ပုဂ္ဂလိက ခရီးသွားကုမ္ပဏီ Golden Trip Travels & Tours နှင့် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် Eccholine BVBA ရုပ်သံလိုင်းတို့၏ စီစဉ်မှုဖြင့် Peking Express ခရီးသွားမှတ်တမ်းထုတ်လုပ်သူ Mr. Philip Henderickx သည် ဧပြီ ၁ ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်အား လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၂၁ ရက်မှ ၃၁ ရက်အထိ လားရှိုး-သီပေါ-ကျောက်မဲ- ရွာငံ- ညောင်ရွှေ- ပင်းတယ- ကလော- မိတ္ထီလာ- ပုဂံ- ပုပ္ပား- မန္တလေးခရီးစဉ်တစ်လျှောက် ရိုက်ကူးခဲ့သည့် ရိုက်ကူးမှုအစီအစဉ်များကို တင်ပြသည်။

ကြီးကြပ်

ရိုက်ကူးရေးအဖွဲ့တွင် ပြင်သစ်နိုင်ငံသားအများစုပါဝင်သော ရိုက်ကူးရေးနှင့် သရုပ်ဆောင်စုစုပေါင်း ၄၇ ဦး ဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဆက်သွယ်ဆက်ဆံရေးအရာရှိများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆက်ဆံရေးအရာရှိတို့က ခရီးစဉ်တစ်လျှောက် လိုက်ပါကြီးကြပ်ခဲ့ကြသည်။

ထုတ်လွှင့်ပြသ

Peking Express ၏ မြန်မာနိုင်ငံခရီးသွား မှတ်တမ်းရိုက်ကူးရေးသည် မြန်မာနိုင်ငံ၏ တောတောင်သဘာဝအလှများ၊ တန်ခိုးကြီးစေတီပုထိုးများ၊ ဒေသခံပြည်သူများ၏ ယဉ်ကျေးဖော်ရွေမှုနှင့် ညှိုဝတ်ကျေပွန်မှု၊ ရိုင်းပင်းကူညီမှုတို့ကို အဓိကထားရိုက်ကူးခဲ့ကြပြီး ၎င်းတို့၏ အစီအစဉ်မှတစ်ဆင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိစေရန် မိနစ် ၄၄၀ ကြာ ဇာတ်လမ်းကို တစ်ပိုင်းလျှင် မိနစ်(၁၁၀)ဖြင့် လေးပိုင်းခွဲ၍ ပြင်သစ်နိုင်ငံအခြေစိုက် TV Channel M6 မှ နိုင်ငံတကာသို့ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အဆိုပါအဖွဲ့၏ ထုတ်လုပ်သူ Mr. Philip Henderickx သည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်ဗီဒီယိုမှတ်တမ်းခွေကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်အား လာရောက်ပြသပြီး ယင်းအခွေကို အဆိုပါ TV Channel M6 မှ မေလကုန်တွင် ထုတ်လွှင့်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖျာပုံမြို့တွင် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း တရားဝင်ဖွဲ့စည်းရန် လိုအပ်

ဖျာပုံခရိုင် ဖျာပုံမြို့တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ယခင်နှင့်မတူ ဖျာပုံမြို့သို့ လူမှုစီးပွားရေးလုပ်ငန်းများ ပိုမိုများပြားစွာ လာရောက်လုပ်ကိုင်လျက်ရှိရာတွင် စင်တင်တေးဂီတနှင့် ကာရာအိုကေစားသောက်ဆိုင်ကြီးများ၊ မြန်မာထမင်းဆိုင်သီးသန့်များက ခရီးသွားဧည့်သည်များနှင့်ပြည်သူများကို ဝန်ဆောင်မှုပေး၍ စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိရာ ဖျာပုံမြို့အပြင်ဘက် ဖျာပုံ-ရန်ကုန် အဝေးပြေးကားလမ်းမကြီးဘေးတွင် စင်တင်တေးဂီတနှင့် ကာရာအိုကေ တွဲဖက်၍ဘီယာဆိုင်များ၊ စားသောက်ဆိုင်များရှိသည့်အပြင် မြို့တွင်းဂေါက်ကလပ်အနီးတွင်လည်း ဒဂုံဘီယာ စားသောက်ဆိုင်ကြီးတစ်ဆိုင်တည်ရှိပြီး မြို့တွင်းအဓိကအချက်အချာနေရာများတွင်လည်း မြန်မာအစားအစာ၊ တရုတ်အစားအစာသီးသန့်ဆိုင်များလည်း ရောင်းချလျက်ရှိသည်။ ထိုကဲ့သို့ ရောင်းချလျက်ရှိရာတွင် စားသောက်ဆိုင်ပိုင်ရှင်များအသင်းဟူ၍မရှိဘဲ စားသောက်ဆိုင်ပိုင်ရှင်များက မိမိတို့ကိုယ်ပိုင်တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် လူမှုစီးပွားရေးကိစ္စရပ်များကို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ဆက်ဆံဖြေရှင်းနေကြရာတွင် အခက်အခဲရှိနေကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ ရန်ကုန်မြို့ကြီးနီးပါး စားသောက်ဆိုင်ကြီးတွေ မြို့တွင်း၊ မြို့ပြင်ခမ်းနားစွာ အပြိုင်အဆိုင်ဖွင့်ပြီး ရောင်းချနေကြတာပါ။ ခရီးသွားပြည်သူတွေကို အားထားပြီး ရောင်းချနေရတဲ့လုပ်ငန်းက ကြီးမားတော့ဝန်ထမ်းအင်အားက ၆၀ ကျော်၊ ၇၀ နီးပါးလောက်ရှိပါတယ်။ ကျွန်တော်တို့ကို မှီခိုနေတဲ့ ဝန်ထမ်းတွေရဲ့နောက်က မိသားစုဝင်တွေလည်း ကျွန်တော်တို့စားသောက်ဆိုင်လုပ်ငန်းကို အားထားပြီး ဘဝရပ်တည်နေကြတာပါ။ ဒါပေမယ့် စားသောက်ဆိုင်လုပ်ငန်းဆိုတာက လူတန်းစား အမျိုးမျိုးနဲ့ဆက်ဆံနေရတော့ တစ်ခါတလေစားသောက်သူအချင်းချင်း ခိုက်ရန်ဖြစ်ရင်လည်း ကျွန်တော်တို့ပဲ ဆိုင်ပိတ်အရေးယူခံရတဲ့အကြိမ်တွေ မနည်းတော့ပါဘူး။ ပျက်စီးသွားတဲ့ပစ္စည်းတွေ အလျော်မရတဲ့အပြင် အမှုမဖြစ်အောင် ပြန်တောင်းပန်ရတာလည်း အကြိမ်မနည်းတော့ပါဘူး။ ဖျာပုံမြို့မှာ လုပ်ငန်းရှင်အသင်းအဖွဲ့တွေ အသီးသီးရှိနေချိန်မှာ ယခုအချိန်အထိ ကျွန်တော်တို့ စားသောက်ဆိုင်လုပ်ငန်းရှင်အသင်းဖွဲ့စည်းနိုင်ခြင်းမရှိသေးပါဘူး။ ပြဿနာတစ်ခုဖြစ်လာရင် ကိုယ်တိုင်ဖြေရှင်းရတော့ အဖွဲ့အစည်းအင်အား ကူညီမှုနည်းပြီး ဖြေရှင်းရတာခက်ခဲသွားတာပေါ့ဗျာ။ စားသောက်ဆိုင်ပိုင်ရှင်အသင်းအဖွဲ့တရားဝင်ဖွဲ့စည်းနိုင်ရင်တော့ ပိုကောင်းမယ်ထင်ပါတယ်"ဟု စားသောက်ဆိုင်ပိုင်ရှင် တစ်ဦးကပြောသည်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများက တာဝန်ယူကူညီရန်လိုအပ်ကာ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း တရားဝင်ဖွဲ့စည်းပေးရန်လိုအပ်နေပြီး ဆိုင်အတွင်း ဥပဒေမဲ့ မူးယစ်ရမ်းကားမှုများကိုလည်း ဥပဒေဘောင်အတွင်းမှ အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း အသိပေးရေးသားလိုက်ရသည်။

ချမ်းသာ

ထင်သာမြင်သာပြုပြင်စရာ

MYANMAR BANKING & FINANCE Magazine

Main Sponsor

KBZ BANK

Co Sponsor

"ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ"

ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားရန် ရှိပါသည်။

- UMFCCI

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Johannes Boer အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂

(၁၈)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(MICC) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံမက်ခရိုစီးပွားရေးသုတေသနအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖူရူဆာဝါတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံ မက်ခရိုစီးပွားရေးသုတေသနအဖွဲ့ကိစ္စရပ်၊ နိုင်ငံအများ ပါဝင်ရေးဆိုင်ရာ ဇင်းမယ်သဘောတူညီရေးကိစ္စရပ်၊ အာဆီယံငွေချေးစာချုပ်များကိစ္စရပ်နှင့် ဈေးကွက်ကိစ္စရပ်များ အပါအဝင် အကြောင်းအရာ ၁၆ ခုကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ကျင်းပ

အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အစည်းအဝေးကျင်းပခြင်းဖြင့် ဒေသဆိုင်ရာဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး အရှေ့အာရှရပ်ဝန်းကြီး၏ ဘဏ္ဍာရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစေမည်ဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) ၌ ဧပြီ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

နေပြည်တော် ဧပြီ ၂

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr.Jurg Montani သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကျင်းပ

ရန်ကုန် ဧပြီ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ရန်ကုန်မြို့ရှိ Sedona Hotel မင်းတုန်းခန်းမ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီက စတင်ကျင်းပခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ခရီးသွားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အာဆီယံအား တစ်ခုတည်းသောခရီးစဉ်ဒေသအဖြစ် မြှင့်တင်ဖော်ထုတ်ရေးနှင့် ဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းအဖွဲ့များ၊ ကော်မတီများဖွဲ့စည်းထားရှိပြီး လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရန်လျာထားခြင်းများကို အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပြီး ယခုအစည်းအဝေးများ ကျင်းပခြင်းဖြစ်သည်။

အာဆီယံခရီးသွားလုပ်ငန်း ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဈေးကွက်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းပေါင်းစည်းရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည့် အစည်းအဝေးများတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)သို့ ဂျပန်အဖွဲ့ လာရောက်လေ့လာ

မန္တလေး ဧပြီ ၂

နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကျောင်းသားများ အပြန်အလှန်လေ့လာရေး အစီအစဉ်အတွက် ဂျပန်နိုင်ငံ Tokyo Dental College မှ Prof.Dr.Yoshinobu Maki ဦးဆောင်သော ကျောင်းသား ကျောင်းသူ ခြောက်ဦးသည် မတ် ၃၁ ရက် နံနက်က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေးသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

နိုင်ငံတကာသတင်း

ချီလီမြောက်ပိုင်း၌ အားပြင်းငလျင်လှုပ် ပင်လယ်ရေလှိုင်းများ ခြောက်ပေအထိမြင့်တက်

ချီလီနိုင်ငံမြောက်ပိုင်း ကမ်းလွန်၌ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၂ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ပြီး အနည်းဆုံး ငါးဦးသေဆုံးသွားပြီဖြစ်ကြောင်း ဧပြီ ၂ ရက်က ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အဆိုပါ ငလျင်သည် အီကွီကျူ သတ္တုမိုင်းတွင်း အနောက်မြောက်ဘက် ၅၂ မိုင်ခန့်အကွာ၌ ဒေသစံတော်ချိန် ၂၀း၄၆ နာရီက လှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့ကပြောသည်။ ယင်းငလျင်ကြောင့် ချီလီနိုင်ငံနေရာအချို့၌ ပင်လယ်ရေလှိုင်းများ ခြောက်ပေအထိမြင့်တက်ခဲ့ကြောင်း၊ ဓာတ်အားလိုင်းများ ပြတ်တောက်ကာ မီးလောင်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုများလည်းရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ငလျင်ဒဏ်ခံရသည့် ဒေသများမှ လူထောင်ပေါင်းများစွာ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး ယင်းဒေသ၌ အရေးပေါ် အခြေအနေ တစ်ရပ် ကြေညာထားသည်။

ငလျင်လှုပ်မှုကြောင့် စားသောက်ဆိုင်တစ်ဆိုင် မီးလောင်နေစဉ်။

ချီလီရုပ်မြင်သံကြားက ပြည်သူများ ဘေးကင်းရာသို့ ထွက်ခွာနေချိန် ယာဉ်ကြော ပိတ်ဆို့နေပုံများထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါသေဆုံးသူများတွင် အုတ်နံရံပြိုကျ၍သော်လည်းကောင်း၊ နှလုံးရောဂါကြောင့်သော်လည်းကောင်း သေဆုံးသူများပါဝင်သည်ဟုဆိုသည်။

သေဆုံးသူ အရေအတွက်မှာ တိုးလာနိုင်ကြောင်း အီကွီကျူအုပ်ချုပ်ရေးမှူး ဂွန်ဇာလိုပရီတိုက သတင်းထောက်များအား ပြောကြားသည်။ ငလျင်ကြောင့် ဒဏ်ရာပြင်းထန်စွာရရှိသူများလည်း ရှိသည်ဟုဆိုသည်။ ယင်းငလျင်ကြောင့် ပီရူးနှင့် ဘိုလီးဗီးယားနိုင်ငံတို့ရှိ အဆောက်အအုံများလည်း လှုပ်ယမ်းသွားခဲ့သည်ဟုဆိုသည်။ ငလျင်လှုပ်ပြီး နာရီအနည်းငယ်အတွင်း ၆ ဒသမ ၂ ရှိ ငလျင်အပါအဝင် ငလျင်ငယ်အနည်းဆုံးရှစ်ကြိမ်လှုပ်ခဲ့သည်ဟု ဆိုသည်။ **ဘီဘီစီ**

ရုရှားနှင့် အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများ ဆိုင်းငံ့ထားရန် နေတိုးနိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

ဘရပ်ဆဲလ် ဧပြီ ၂

နေတိုးနိုင်ငံခြားရေးဝန်ကြီးများက ရုရှားနိုင်ငံအား အရပ်ဘက်နှင့် စစ်ဘက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်းငံ့ထားရန် သဘောတူလိုက်သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားဒေသကို သိမ်းပိုက်ခြင်းသည် မျိုးဆက်သစ်တစ်ရပ်အတွက် ဥရောပလုံခြုံရေးကို ခြိမ်းခြောက်ခြင်းပင်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဒန်းဒါးစ် ဖော့ခ်ျရပ်စ်စမူဆင်က ပြောကြားလိုက်သည်။

စောစောပိုင်းက ရုရှားနိုင်ငံက ယူကရိန်းနယ်စပ်မှ တပ်များရုပ်သိမ်းနေပြီဆိုခြင်းကို ၄င်းက ငြင်းဆိုလိုက်သည်။ ကိယက်ဗ်၊ အနောက်နိုင်ငံများနှင့် တင်းမာမှုဖြစ်ပွားပြီး ကတည်းက လွန်ခဲ့သည့်ရက်များအတွင်း ယူကရိန်းအရှေ့ပိုင်းနယ်စပ်သို့ ထောင်နှင့်ချီသော ရုရှားတပ်ဖွဲ့ဝင်များ ဖြန့်ချထားသည်။

ရုရှားက ခရိုင်းမီးယားကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဘရပ်ဆဲလ်မြို့၌ အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ရုရှားက ခရိုင်းမီးယားဒေသကို ကျူးကျော်ခြင်းအပေါ် အလွန်ပင်စိုးရိမ်မိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၄င်းတို့က ရုရှားနှင့် နေတိုး ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရပ်ဆိုင်းထားလိုက်သည်။ ၄င်းတို့က ရုရှားနှင့်ဆက်ဆံရေးကို လာမည့် ဇွန်လအစည်းအဝေး၌ ပြန်လည်သုံးသပ်သွားမည်ဟုဆိုသည်။ **ဘီဘီစီ**

နေတိုးအဖွဲ့ဝင်နိုင်ငံများအား အမေရိကန်ကူညီပေးရန်အသင့်ရှိ

ဘရပ်ဆဲလ် ဧပြီ ၂

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းရှိ ယူကရိန်းနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော နေတိုးအဖွဲ့ဝင်နိုင်ငံများကို ထောက်ပံ့မှုများပေးရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံရေးအတွက် ကာကွယ်ရေးအသုံးစရိတ်များ ထောက်ပံ့ပေးမည်ဖြစ်သည်။

ယင်းပြောကြားချက်ကို ဘရပ်ဆဲလ်၌ကျင်းပသော နေတိုးအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီး များအစည်းအဝေး၌ ပြောခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိလူသားတိုင်းအနေဖြင့် နေတိုးမဟာမိတ်အဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ကြိုးပမ်းဆောင်ရွက်မှုများကို နားလည်ရန်အရေးကြီးကြောင်းကို လက်ရှိ ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသ အရေးအခင်းနှင့်နှိုင်းယှဉ် စဉ်းစားကြည့်စေလိုကြောင်း ကယ်ရီကပြောခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီး ၂၈ ဦးပါဝင်သော ယင်းအစည်းအဝေးသည် ခရိုင်းမီးယားကျွန်းဆွယ်ဒေသကို ယူကရိန်းမှ ခွဲထုတ်လိုက်ကြောင်း ကြေညာပြီးချိန်မှစ၍ ပထမဆုံးအကြိမ်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့်ရုရှားနိုင်ငံသည် ယူကရိန်းအရေး ကြားဝင်စွက်ဖက်မှုများနှင့် ပတ်သက်ပြီး အပြန်အလှန်စွပ်စွဲလျက်ရှိသည်။ **ဘီဘီစီ**

နိုင်ဂျီးရီးယား မိုင်ဒူဂူရီမြို့အနီး အသေခံဗုံးခွဲတိုက်ခိုက်မှု ၂၁ ဦးသေဆုံး

နိုင်ဂျီးရီးယား ဧပြီ ၂

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့ ဆင်ခြေဖုံးရပ်ကွက်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွများဟု ယူဆရသူများက အသေခံ ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အနည်းဆုံးအရပ်သား ၁၅ဦး သေဆုံးခဲ့ပြီး ပေါက်ကွဲမှုအတွင်း တိုက်ခိုက်သူခြောက်ဦးလည်း သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဒေသအာဏာပိုင်များက ၄င်းတိုက်ခိုက်မှုနောက်ကွယ်၌ ဘိုကိုဟာရမ်အုပ်စုများ ရှိနေသည်ဟု ဆိုသည်။

၄င်းတိုက်ခိုက်မှုများကြောင့် ယခုနှစ်အတွင်း နိုင်ဂျီးရီးယား အရှေ့မြောက်ဒေသတွင် လူ ၁၅၀၀ ထက်မနည်း သေဆုံးခဲ့ရပြီး သေဆုံးသူထက်ဝက်ကျော်မှာ အရပ်သားများဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ တနင်္လာနေ့ဖော်ပြချက် အစီရင်ခံစာအရ သိရသည်။

၄င်းအဖွဲ့အစည်းက နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကာကွယ်ရေး အားနည်းချက်များကြောင့် ဘိုကိုဟာရမ်အုပ်စုများ၏ တိုက်ခိုက်မှုများ ပိုမိုများပြားလာပြီး ယခုကဲ့သို့ သေဆုံးသူအရေအတွက် တိုးလာရခြင်းဖြစ်သည်ဟု ပြစ်တင်ပြောဆိုခဲ့သည်။ ဘိုကိုဟာရမ်အုပ်စုသည် မိုင်ဒူဂူရီကို အစ္စလာမ္မစ်ပြည်နယ် အဖြစ်ပြောင်းလဲရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၉ခုနှစ်ကတည်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစိုးရကလည်း နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းရှိ ပြည်နယ်သုံးခုကို စစ်သွေးကြွများချေမှုန်းရာတွင် စစ်တပ်ကို ကူညီရန်အတွက် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့သည်။ **ဘီဘီစီ**

အမေရိကန်မောင်းသူမဲ့လေယာဉ်များ ဆန့်ကျင်ရေးအဖွဲ့ ယီမင်နိုင်ငံ၌ ဖွဲ့စည်းထူထောင်

ယီမင် ဧပြီ ၂

ယီမင်နိုင်ငံ၌ထူထောင်လိုက်သောအဖွဲ့တစ်ဖွဲ့က နိုင်ငံအတွင်း အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုအဆုံးသတ်ရန် မျှော်လင့်ထားကြောင်း ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်ခံရသော မိသားစုများနှင့်လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများဖြင့် ထူထောင်ထားသော မောင်းသူမဲ့လေယာဉ်ဒုက္ခသည်များဆိုင်ရာ အမျိုးသားအဖွဲ့ကို ထူထောင်လိုက်ကြောင်း အဆိုပါ သတင်း၌ဖော်ပြသည်။

ယီမင်နိုင်ငံအတွင်း အမေရိကန်တို့က မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းသည် ရာဇဝတ်မှုအဖြစ် ရှုမြင်ကြောင်း၊ ယင်း မူဝါဒကို ထောက်ခံနေသော မည်သည့်အရာရှိကိုမဆို ရုံးထုတ်စစ်ဆေးသင့်ပြီဖြစ်ကြောင်း အဆိုပါ အဖွဲ့ကို ဖွဲ့စည်းထူထောင်ထားသူများအဖွဲ့က ပြောကြားသည်။ လွန်ခဲ့သည့် လအတွင်း ယီမင်နိုင်ငံအတွင်း အမေရိကန်တို့က မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေး ၁၃ ကြိမ် ပြုလုပ်ခဲ့ရာ ယီမင်နိုင်ငံသား ၂၀ ကျော် သေဆုံးခဲ့ရသည်ဟု ၄င်းအဖွဲ့က ပြောသည်။ **(ပရက်စ်တီဗွီ)**

မြောက်ကိုရီးယားတို့ဘက်မှလာသော မောင်းသူမဲ့လေယာဉ် နယ်စပ်ကျွန်းပေါ်ပျက်ကျခဲ့ပြီးနောက် တောင်ကိုရီးယားက စစ်ဆေးလျက်ရှိ

ဆိုးလ် ဧပြီ ၂

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့သည် အမြောက်များဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ပြီးနောက် နယ်စပ်ကျွန်းပေါ်သို့ ပျက်ကျခဲ့သော ဒရုန်းလေယာဉ်တစ်စင်းသည် မြောက်ကိုရီးယားတို့၏မောင်းသူမဲ့လေယာဉ် ဖြစ်လိမ့်မည်ဟု ယုံကြည်ထားကြောင်း တောင်ကိုရီးယားကပြောသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်သည် မတ် ၃၁ ရက် မွန်းလွဲပိုင်းက ဘင်နီယွန်းကျွန်းပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကပြောသည်။ ကိုရီးယားနှစ်နိုင်ငံသည် ရေပိုင်နက်ကိုကျော်၍ အပြန်အလှန်ပစ်ခတ်ပြီးနောက် အဆိုပါ မောင်းသူမဲ့လေယာဉ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကနဦးစုံစမ်း စစ်ဆေးမှုအရ အဆိုပါ မောင်းသူမဲ့လေယာဉ်သည် မြောက်ကိုရီးယားဘက်မှလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအာဏာပိုင်များက ပြောသည်။

အလားတူ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ကိုရီးယားနှစ်နိုင်ငံအား ပိုင်းခြားထားသည့် စစ်မဲ့ဇုန်တောင်ပိုင်းပါဂျူး၌ တွေ့ရကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြသည်။ ၄င်းတွင် အဆင့်မြင့်ကင်မရာတစ်လုံး တပ်ဆင်ထားပြီး စစ်စခန်းများကို ဓာတ်ပုံရိုက်ထားသည်။ ထို့အပြင် ၄င်းလေယာဉ်က သမ္မတ၏ ခြံဝင်းအတွင်းကိုလည်း ဓာတ်ပုံရိုက်ထားသည်ဟု ဆိုသည်။

ကိုရီးယား နှစ်နိုင်ငံသည် ၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲအပြီး နှစ်ပိုင်း ကွဲသွားခဲ့သည်။ **ဘီဘီစီ**

ပြည်တွင်းသတင်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့်

ကျေးလက်ဒေသများတွင် အလုပ်အကိုင်များရရှိပြီး မိသားစုဝင်ငွေတိုးစေမည်

နေပြည်တော် ဧပြီ ၂

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းတာဝန်ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၁ ရက် နံနက်ပိုင်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်ရည်ရွယ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အရင်းမပျောက်လည့်ပတ်ရန်ပုံငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၆ ခု အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ခရိုင် ၃၈ ခရိုင်၊ မြို့နယ် ၇၄ မြို့နယ်မှ ကျေးရွာပေါင်း၁၁၅၀တွင် စီမံကိန်းရန်ပုံငွေစုစုပေါင်းကျပ်၃၄ ဒသမ ၅ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများအား စီမံကိန်းတာဝန်ပေးအပ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ ကျေးရွာ ၁၁၅၀ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးရွာတစ်ရွာလျှင် ကျပ်သန်း ၃၀နှင့် ကျေးရွာ ၁၁ ရွာအတွက် ကျပ်သန်း ၃၃၀၊ ကချင်ပြည်နယ်အတွင်း ကျေးရွာ ၄၂ ရွာအတွက် ကျပ်သန်း ၁၂၆၀၊ ကယားပြည်နယ်အတွင်း ကျေးရွာ ၁၁ ရွာအတွက် ကျပ်သန်း ၃၃၀၊ ကရင်ပြည်နယ်အတွင်း ကျေးရွာ ၃၆ ရွာအတွက် ကျပ်သန်း ၁၀၈၀၊ ချင်းပြည်နယ်အတွင်း ကျေးရွာ ၂၄ ရွာအတွက် ကျပ်သန်း ၇၂၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၀၁ ရွာအတွက် ကျပ်သန်း ၃၀၃၀၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၁ ရွာအတွက် ကျပ်သန်း ၆၃၀၊ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၁၅ ရွာအတွက် ကျပ်သန်း ၃၄၅၀၊ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၈၃ ရွာအတွက် ကျပ်သန်း ၂၄၉၀၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၈၃ ရွာအတွက် ကျပ်သန်း ၂၄၉၀၊ မွန်ပြည်နယ်အတွင်း ကျေးရွာ ၂၁ ရွာအတွက် ကျပ်သန်း ၆၃၀၊ ရခိုင်ပြည်နယ်အတွင်း ကျေးရွာ ၆၂ ရွာအတွက် ကျပ်သန်း ၁၈၆၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၁ ရွာအတွက် ကျပ်သန်း ၁၂၃၀၊ ရှမ်းပြည်နယ်အတွင်း ကျေးရွာ ၂၆၀ ရွာအတွက် ကျပ်သန်း ၇၈၀၀၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာငါးရွာအတွက် ကျပ်သန်း ၁၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၀၉ ရွာအတွက် ကျပ်သန်း ၆၂၇၀နှင့် ကျေးရွာပေါင်း ၁၁၅၀ ရွာအတွက် ကျပ်သန်း ၃၄၅၀၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဒုတိယဝန်ကြီးဦးတင်ငွေနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအင်ဂျင်နီယာချုပ်များ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

"ယုံကြည်ဆောင်ရွက် ကလေးများအတွက်" နိုင်ငံတော်အဆင့် စုံညီဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ရတနာ့မေတ္တာအဖွဲ့နှင့် ယူနီဆက်ဖ်အဖွဲ့တို့ ကြီးမှူးကျင်းပသော "ယုံကြည် ဆောင်ရွက် ကလေးများအတွက်" နိုင်ငံတော်အဆင့် စုံညီဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake Grand Ballroom ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ငြေး၊ ရတနာ့မေတ္တာ အဖွဲ့ဥက္ကဋ္ဌဦးမြင့်ဆွေ၊ ယူနီဆက်ဖ် မြန်မာဌာနေ ကိုယ်စားလှယ်များ၊ ဘာသာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ **(အပေါ်ပုံ)** တို့က ဆွေးနွေးပွဲအဖွင့် ဩဝါဒကထာ အသီးသီးမြွက်ကြားကြသည်။

ထို့နောက် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ မောင်မောင်ငြေးက ရတနာ့မေတ္တာ အဖွဲ့အနေနဲ့ "ယုံကြည်ဆောင်ရွက် ကလေးများအတွက်" ဆောင်ပုဒ်ကို လက်ကိုင်ပြုပြီး ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ) နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံကလေးသူငယ် ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့်ဂုဏ်ပြုပြောကြားသည်။

ယင်းနောက် အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို ဧပြီ ၃ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ရေးစီမံချက်လုပ်ငန်းများဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့်မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရေးစီမံချက် (One Stop Service) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	နယ်လှည့်(ပုံမှန်)	နယ်လှည့်(ဆိုင်ကယ်စီမံချက်)
၁	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ	-
၂	မန္တလေးတိုင်းဒေသကြီး	မလှိုင်	-
၃	ရှမ်းပြည်နယ်	ပင်လောင်း	ရပ်စောက်
၄	ကချင်ပြည်နယ်	ချီဖွေ၊ ဆော့လော်၊မိုးကောင်း	ချီဖွေ၊ ဆော့လော်
၅	ကရင်ပြည်နယ်	လှိုင်းဘွဲ့	လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ ကျိုက်ဒုံ
၆	စစ်ကိုင်းတိုင်းဒေသကြီး	ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကသာ ဗန်းမော်၊ အင်းတော်၊ ထီးချိုင့်	
၇	မကွေးတိုင်းဒေသကြီး	မြိုင်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ	မြိုင်၊ ရေစကြို
၈	မွန်ပြည်နယ်	ချောင်းဆုံ	-
၉	ရခိုင်ပြည်နယ်	မာန်အောင်	မာန်အောင်၊ မောင်းတော၊ ဘူးသီးတောင်၊
၁၀	ဧရာဝတီတိုင်းဒေသကြီး	သာပေါင်း၊ ဖျာပုံ၊ ဘိုကလေး	ဟိုင်းကြီးကျွန်း၊ လပွတ္တာ မြောင်းမြ၊ မြန်အောင်၊ ဖျာပုံ

(သတင်းစဉ်)

● ကျောဖုံးမှ

လေးညို့ရှင်(သတ္တိ)နှင့် ပြည်ထောင်စုဖလား ငွေတံဆိပ်ဆုရှင် ရဲတံခွန် (အလင်းရောင်)၊ ၂၀၁၃ ဒင်္ဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင် (အဖြူရောင်သွေးသစ်)နှင့် ပြည်ထောင်စုတစ်ပွင့် (YGW မန္တလေး) နှင့် အားမာန် (T & T)၊ ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်)နှင့် ဖြူလေး (မုဒုံသား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အထူးစိန်ခေါ်ပွဲစဉ် အနေဖြင့် IAN DIAMOND (ခ)စောရဲဒင်း (သတ္တိ)နှင့်ဇော်ဇော်(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ နှစ်သစ်ကူးအကြို မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဝါသနာရှင်များအနေဖြင့် ကြည့်ရှုလိုပါက ရိုးရိုးတန်းငွေကျပ် ၇၀၀၀ နှင့် အထူးတန်း ငွေကျပ် ၁၅၀၀၀ နှုန်းတို့ဖြင့် သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များ မှာယူလိုပါက ဖုန်း-၀၉-၄၂၅၀၂၇၇၉၉ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

စီစဉ်ပေးထား

ထို့နောက် နှစ်သစ်ကူးအကြိုအနေဖြင့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်အသင်းများ ဖိတ်ခေါ်ပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲများကို လက်ဝှေ့ဝါသနာရှင်များအား အခမဲ့ကြည့်ရှုနိုင်ရန်စီစဉ်ပေးထားမည်ဖြစ်သည်။

ချီးမြှင့်သွားမည်

ယင်းပြိုင်ပွဲကို ရန်ကုန်၊ မန္တလေး၊ တွံတေး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ မျိုးဆက်သစ်ရွက်ပုန်းသီးလက်ဝှေ့ကျော်များ ပွဲထုတ်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်၍ ကြည့်ရှုခွင့်အခမဲ့ဖြစ်သော်လည်း ပွဲဖြစ်မြောက်ရေးကော်မတီက ပွဲစဉ်တိုင်း သတ်မှတ်ဆုကြေးများ ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

(၇၇)နှစ်ပြည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏လေ့ကျင့်ရေးမျက်နှာစာသစ်တစ်ခု

သက်သက်ကျော် (ရွှေ/ကျင့်)

ယနေ့ကာလ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေစဉ် နိုင်ငံတော်အတွက် နား၊ မျက်စိ၊ ခြေလက်အင်္ဂါသဖွယ် အရေးပါသော နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခြင်း၊ လေ့ကျင့်ပျိုးထောင်၍စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့" သည်ခေတ်ကာလအနေအထားပြောင်းလဲမှုများကိုကျော်ဖြတ်၍ နိုင်ငံ့တာဝန်ကို အမည်နာမ အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၁၄ ခုနှစ် ဧပြီလ ၅ ရက်နေ့ဆိုလျှင် (၇၇)နှစ်ပြည့်မြောက်မည်ဖြစ်ပါသည်။

ယခင် နှစ်ပတ်လည်အခါသမယအချို့နှင့်ခြောက်လတစ်ကြိမ်ထုတ်ဝေလျက်ရှိသော **"နိုင်ငံ့ဝန်ထမ်းဂျာနယ်"** တို့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အကြောင်းကိုဖော်ပြ၍ အများပြည်သူသိနိုင်ရန် ဆောင်းပါးများ ရေးသားတင်ပြခဲ့ကြပြီးဖြစ်ရာ ယခု (၇၇)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အရေးပါပြီး ထိရောက်စွာထောက်ကူပေးနိုင်မည့် အဆင့်မြင့်အရာထမ်းများအတွက် စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ခဲ့သည့်အကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရရှိခဲ့သဖြင့် လေ့လာသင်ယူခဲ့ရသည့် အတွေ့အကြုံတို့ကို အများပြည်သူသိရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံ၏ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ပြောင်းလဲလာသည်နှင့်အတူ နိုင်ငံတကာနှင့်ဆက်ဆံမှုများ ပိုမိုတိုးတက်များပြားလာလျက်ရှိရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်အရာထမ်းများအနေဖြင့် လိုက်လျောညီထွေစွာဖြင့် ဆက်ဆံတတ်ပြီး ကမ္ဘာ့ပေါင်းစုံတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်သာမက အနာဂတ်နိုင်ငံတော်၏တာဝန်များကိုပခုံးပြောင်းထမ်းဆောင်နိုင်သော အဆင့်မြင့်အရာရှိကြီးများ ဖြစ်ထွန်းလာအောင် ပျိုးထောင်လေ့ကျင့်ပေးလိုသည့်စေတနာဖြင့် နိုင်ငံတော်သမ္မတကြီးကလမ်းညွှန်ခဲ့သောကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် **"အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၁)"** ကို ရက်သတ္တလေးပတ်ဖြင့် ၂၀၁၃ခုနှစ် မေလ ၂၀ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီးနောက် အဆိုပါသင်တန်းတွင် တက်ရောက်ခဲ့ကြသူများ၏သုံးသပ်အကြံပြုချက်အရလည်းကောင်း၊ သင်တန်း၏ထိရောက်အောင်မြင်မှုကြောင့်လည်းကောင်း **"အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၂)"** (**Senior Level Officials Management Course No. 2**)ကို သင်တန်းကာလတိုးမြှင့်၍ ရက်သတ္တရှစ်ပတ်ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှမတ်လ ၂၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။

ဝန်ထမ်းနှင့်သင်တန်းဟူသည်မှာ ခွဲခြား၍ရသောအရာမဟုတ်ပါ။ မိမိ၏ဝန်ထမ်းသက်တမ်းတွင် ဦးစီးအရာရှိအဆင့်များအတွက် ရက်သတ္တ ၁၄ ပတ်ဖွင့်လှစ်သည့် အရာထမ်းအခြေခံသင်တန်းနှင့်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်းများအတွက်ရက်သတ္တလေးပတ်ဖွင့်လှစ်သည့်အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းတို့ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် တက်ရောက်ခဲ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ ဒဂုံဆောင်တွင်နေထိုင်တက်ရောက်ခဲ့စဉ်က ထိုအဆောင်၏အနောက်ဘက်တွင် အဆောင်သစ်တစ်ခုထပ်မံဆောက်လုပ်နေသည်ကိုတွေ့ရသဖြင့် သင်တန်းသူအချင်းချင်းစနောက်ရင်းတို့တစ်တွေ အဆင့်မြင့်သင်တန်းတက်ဖို့ဆောက်နေတာ တူတူလာတက်ကြအောင်ဟု ပြောခဲ့ကြဖူးပါသည်။

အဆိုပါသင်တန်းကို **"အဆင့်မြင့်အရာရှိများအနေဖြင့် နိုင်ငံတော်၏မူဝါဒလုပ်ငန်းစဉ်များကို ကောင်းစွာသိရှိနားလည်သဘောပေါက်စေရန်၊ ကောင်းမွန်သောအုပ်ချုပ်ပုံ (Good Governance) ၏ သဘောတရားကိုသိရှိနားလည်ပြီး သန့်ရှင်းသောအစိုးရ (Clean Government) အကောင်အထည်ဖော်ရာ၌အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ အုပ်ချုပ်ယန္တရားအတွင်း အဆင့်မြင့်အရာရှိကြီးများအနေဖြင့် သိရှိနားလည်ထားသင့်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို တီးမိခေါက်မိရှိပြီး စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်တတ်စေရန်၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများပိုမို၍ကျေညက်စေရန်၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆန်းသစ်သောခေတ်မီအတွေးအခေါ်အယူအဆသစ်များကို လေ့လာသိရှိစေရန်နှင့်မိမိတာဝန်ယူရသည့်စီမံခန့်ခွဲအုပ်ချုပ်ရေးကဏ္ဍတွင် ဦးဆောင်နိုင်မှုစွမ်းရည်မြင့်မားလာစေရန်၊ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ်နိုင်ငံ့ဝန်ထမ်းကောင်းများ ပျိုးထောင်လေ့ကျင့်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်း ၄၈ ဦး (သင်တန်းသား ၃၄ ဦးနှင့်သင်တန်းသူ ၁၄ ဦး)တို့တက်ရောက်အောင်မြင်ခဲ့ပါသည်။ သင်တန်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေ၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေး ဘာသာရပ်တို့ကို ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးကြပါသည်။ ထိုသို့ပို့ချဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးစိုးမောင်(သမ္မတရုံးဝန်ကြီးဌာန-၂)၊ ဦးစိုးသိန်း(သမ္မတရုံးဝန်ကြီးဌာန-၃)၊ ဦးအောင်မင်း(သမ္မတရုံးဝန်ကြီးဌာန-၄)နှင့် ဦးတင်နိုင်သိန်း(သမ္မတရုံးဝန်ကြီးဌာန-၅)တို့က နိုင်ငံ့တာဝန်များအလွန်များပြားလှသော်လည်း အချိန်ပေး၍ Good Governance၊ Clean Government ၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတို့ကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြသိန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း ပို့ချဆွေးနွေးရာတွင်ဘာသာရပ်ဆိုင်ရာ ဗဟုသုတများသာမက ၎င်းတို့ နိုင်ငံ့တာဝန်ထမ်းဆောင်သည့်ကာလအတွင်း တွေ့ကြုံရသည့် ကိုယ်တွေ့အဖြစ်အပျက်များကိုပါသိရှိရသဖြင့် အတုယူလိုက်နာဆောင်ရွက်ရန်မှတ်သားရပါသည်။ ထို့အပြင်ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များကလည်း နိုင်ငံတကာဆက်ဆံရေး၊ ပထဝီဝင်နိုင်ငံရေး၊ ပထဝီဝင်စီးပွားရေး၊ စီးပွားရေးမူဝါဒများနှင့် စီမံခန့်ခွဲမှု၊ အာဆီယံအသိုက်အဝန်း၊ မြန်မာနိုင်ငံ၏ငွေကြေးမူဝါဒနှင့် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲမှု၊ အသေးစားနှင့်အလတ်စားလုပ်ငန်း၊ ဥပဒေရေးရာ၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှု၊ စာရင်းစစ်ဆေးမှု၊ ယဉ်ကျေးမှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်းစသည့်ဘာသာရပ်များကို ပြည်တွင်းပညာရှင်များက ရက်သတ္တလေးပတ်ကျော် ပို့ချဆွေးနွေးသဖြင့် မျက်မှောက်ကာလပြောင်းလဲနေမှုများကို သိရှိဆွေးနွေးခွင့်ရပါသည်။

ထို့အပြင်ပြည်ပအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ပညာရှင် ၁၁ ဦးက"Climate Change""Early Recovery", "Principles and Good Governance","Management of Service Delivery in a Good Governance structure","Public Policies and Administration/ Service Management","Comparative study of decentralization and local governance in the Asia and Pacific and the role of civil servants","Peace Building","Institutional Condition for Inclusive Development in Myanmar","Lessons Learned from International best Practices: Gender and Civil Servants","Human Rights" and "Rule of Law" ဘာသာရပ်တို့ကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ် (World Bank) မှ ပညာရှင်နှစ်ဦးက "Management","Strategic Management","Strategic Leadership", "Human Resource Management"ဘာသာရပ်တို့ကိုလည်းကောင်း၊ Hanns Seidal Foundation မှ ပညာရှင်နှစ်ဦးက "Democracy and Federalism as Principle of State Organization","Federalism and the role of the Civil Service","Introduction in Conflict Regulation between Centre and the Regions" ဘာသာရပ်ကိုလည်းကောင်း၊ တောင်ကိုရီးယားသမ္မတနိုင်ငံ Korea Development Institute မှ ပါမောက္ခတစ်ဦးက "Government Reform for Economic Introduction Development"ကိုလည်းကောင်း ရက်သတ္တသုံးပတ်ကျော် ပို့ချဆွေးနွေးခဲ့ရာတွင် သင်ကြားပို့ချရုံသာမက အပြန်အလှန်ဆွေးနွေးပြီး Case Study နည်းလမ်း၊ အစုအဖွဲ့ဖြင့် ပြဿနာဖြေရှင်းခြင်းနည်းလမ်းများ အသုံးပြုသဖြင့် ထိရောက်သော လေ့လာသင်ယူမှုဝန်းကျင်ကောင်းကို ဖန်တီးနိုင်သောကြောင့် တက်ကြွသော လေ့လာသင်ယူမှုဖြင့်အတွေးသစ်၊ အမြင်သစ်များ ရရှိကြပါသည်။

သင်တန်းတစ်ခုဖွင့်လှစ်ရာတွင်အများသိရှိပြီးဖြစ်သည့်အတိုင်း လူ အင်အား၊ ငွေကြေး၊ သင်ထောက်ကူပစ္စည်းကိရိယာ၊ အချိန်ကာလစသဖြင့် ရင်းနှီးမြှုပ်နှံရစမြဲဖြစ်ပါသည်။ ယခုအဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ရန်အတွက် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များကပို့ချနိုင်ရေးသာမက သင်တန်းသားများနေထိုင်စားသောက်ရေးတွင်လည်း အဆင်ပြေစေရန် ကြီးကြပ်စီမံလမ်းညွှန်မှုပေးပါသော ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ်နှင့်သက်ဆိုင်ရာအရာထမ်း၊ အမှုထမ်းများကို အထူးကျေးဇူးတင်ပါသည်။

ပြည်သူလူထု၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဓိကလိုအပ်ချက်သည် စွမ်းဆောင်ရည်ဖြစ်သဖြင့် အစိုးရအုပ်ချုပ်မှုစွမ်းဆောင်ရည်ထိရောက်စေရန်အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းထုတစ်ရပ်လုံးသည် အရည်အသွေးပြည့်ဝရမည့်အပြင် ကိုယ် ကျင့်သိက္ခာနှင့်ပြည့်စုံ၍ အသိပညာ၊ ဗဟုသုတကြွယ်ဝရပါမည်။ ယနေ့လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့်ကမ္ဘာ့လွှမ်းခြုံသောသတင်းနှင့်နည်းပညာခေတ်တွင် ဝန်ထမ်းတိုင်းအင်္ဂလိပ်စာနှင့်ကွန်ပျူတာတတ်ရမည်ဖြစ်ပြီး နှုတ်မှုရေးရာ ကြွယ်ဝကြရပါမည်။ ထို့အပြင် မည်သူ့ကိုမျှဝေဖန်ပြစ်တင်ခြင်းမပြုဘဲတစ်ဦးကောင်း၊ တစ်ယောက်ကောင်းမှုသည် တစ်နိုင်ငံလုံးကောင်းအောင်ဆောင်ရွက်ဖို့လိုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆင့်မြင့်အရာထမ်းများအနေဖြင့် အချိန်၊ ပစ္စည်း၊ ငွေကြေး၊ လူပုဂ္ဂိုလ် စသည့်စီမံခန့်ခွဲမှုအမျိုးမျိုးအနက် အခက်အခဲဆုံးဖြစ်သောလူပုဂ္ဂိုလ်များကို စီမံခန့်ခွဲရာတွင် စီမံခန့်ခွဲမှုကောင်းသူတစ်ယောက်ဖြစ်စေရန်အတွက် **"စဉ်းစားရန်၊ စီမံရန်၊ ပြောရန်၊ ရှင်းလင်းညွှန်ကြားရန်၊ ပေါင်းစပ်ညှိနှိုင်းရန်၊ လုပ်ရန်တို့မပျက်ကွက်ရန်"** လိုကြောင်း ယခုသင်တန်းတွင်မှတ်သားခဲ့ရသည့်အတိုင်း လိုက်နာကြဖို့ တိုက်တွန်းအပ်ပါသည်။

စွမ်းဆောင်ရည်ပြည့်ဝသည့် လုပ်ငန်းဆောင်ရွက်မှုများဖြစ်စေရန် အဆင့်မြင့်အရာထမ်းများအနေဖြင့်ခေါင်းဆောင်တစ်ဦး၏တာဝန်နှင့်စီမံခန့်ခွဲသူတစ်ဦး၏တာဝန်ကို တစ်ပြိုင်တည်းထမ်းဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်း၊ ရှင်းလင်းစွာပြောဆိုခြင်း၊ သေချာစွာနားထောင်ခြင်း၊ မှန်ကန်တရားနည်းလမ်းကျစွာ ဆောင်ရွက်ခြင်းသည် လူကြိုက်များသည်ထက်အရေးပါခြင်း၊ အရေးပေါ်အခြေအနေကိစ္စများ ဆောင်ရွက်ရာတွင် အမိန့်ပေးဆောင်ရွက်သည့်ခေါင်းဆောင်မှုသည်လိုအပ်ခြင်း၊ အပေးအယူပြုလုပ်ခြင်းဖြင့် မိမိ၏ဂုဏ်သိက္ခာကို ထိပါးနိုင်ခြင်းစသည့် လိုက်နာရှောင်ကြဉ်ရမည်များကို သိရှိလိုက်နာဆောင်ရွက်ရန်လိုပေသည်။

ထိရောက်ထက်မြက်၍ စွမ်းဆောင်ရည်ပြည့်ဝသော၊ ကောင်း၍တော်သောဝန်ထမ်းများဖြစ်စေရန်အတွက် မိမိ၏အရည်အချင်း၊ အရည်အသွေးပိုမိုတိုးတက်အောင်အစဉ်လေ့လာသင်ယူခြင်း၊ မိမိထမ်းဆောင်ရသည့်တာဝန်တစ်ခုတည်းကိုသာ ကျွမ်းကျင်ခြင်းမဟုတ်ဘဲ အထွေထွေကိစ္စရပ်များကိုပါသိရှိနားလည်ခြင်း ၊ အဖွဲ့အစည်းအတွင်း ဖြစ်ပျက်နေသည်များကို သိရှိအောင်လုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပရေးရာကိစ္စများကိုသိရှိအောင် လေ့လာခြင်း၊ တီထွင်တွေးခေါ်ခြင်းတို့ဖြင့် ပြည်တွင်းသာမက ပြည်ပတွင်ပါ ရင်ပေါင်တန်းနိုင်စေရန်၊ ကြိုးပမ်းအားထုတ်ကြရင်း ပြည်သူတို့၏ လူမှုစီးပွားရေးအဆင့်အတန်းမြင့်မားစေရန်အတွက် ကျရာနေရာက တာဝန်ထမ်းဆောင်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝစေရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူဆည်းပူး၍အသိပညာဗဟုသုတနှင့်ပြည့်စုံသော၊ ထက်မြက်သော၊ စွမ်းဆောင်နိုင်သောသူများဖြစ်အောင် ရာထူးအဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများသည် **"အသိပညာသည်စွမ်းအားဖြစ်ပေသည်"** ဟု Francis Bacon (၁၅၆၁-၁၆၂၆)ကဆိုခဲ့သည့်အတိုင်း အသိပညာဗဟုသုတများပြည့်ဝနေစေရန် လေ့လာသင်ယူရင်းအလုပ်လုပ်၊ အလုပ်လုပ်ရင်းလေ့လာသင်ယူနိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ရာထူးအဆင့်အသီးသီးအတွက် ဖွင့်လှစ်သောသင်တန်းများကို တက်ရောက်ခြင်းဖြင့် အသိပညာသာမက မိတ်ဆွေအပေါင်းအသင်းပါတိုးပွားသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင်အထောက်အကူဖြစ်စေသောကြောင့် အကျိုးဖြစ်ထွန်းမှုရှိပါကြောင်း မိမိကိုယ်တွေ့နှင့်ယှဉ်၍အကြံပြုတိုက်တွန်းပါသည်။

လက်ရှိကျင့်သုံးလျက်ရှိသောအုပ်ချုပ်မှုစနစ်အရ နိုင်ငံတော်ကို ဆောင်သည့်အစိုးရပြောင်းလဲသော်လည်း ဝန်ထမ်းအဖွဲ့အစည်းများက နိုင်ငံ့တာဝန်များကို ဆက်လက်တာဝန်ယူနေရမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စိတ်အားထက်သန်စွာဖြင့် လုံ့လဝီရိယရှိစွာကြိုးပမ်းဆောင်ရွက်ပြီး၊ **"စွမ်းဆောင်ရည်ပြည့်ဝသည့်လုပ်ငန်းဆောင်ရွက်မှုမှသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးသို့ ဦးတည်"** နိုင်ရန်အတွက် အသိပညာများဖြည့်ဆည်းရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ထပ်မံဖွင့်လှစ်မည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းသို့ အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းတွင် တွေ့ဆုံခဲ့ရသည့်သင်တန်းဖော်များနှင့် ထပ်မံဆုံတွေ့တက်ရောက်နိုင်ရန်အတွက် မျှော်လင့်စောင့်စားနေမိပါသည်။ ။

သင်္ကြန်ကာလအတွင်း မြို့ပတ်နှင့် ဆင်ခြေဖုံးလော်ကယ်ရထားများအား တွဲဆိုင်းအလိုက်ရပ်နားသွားမည်

ရန်ကုန် ဧပြီ ၂

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဖြစ်သောဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိကို မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများအား တွဲဆိုင်းအလိုက် ရပ်နားသွားမည်ဖြစ်ရာ ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းရထားများဖြစ်သော (ခ)၊ (ဇ)၊ (တ)၊ (ဒ)၊ (သ)၊ (ဟ)၊ (အ)၊ (ည)၊ (ယ)၊ (ဘ)၊ (ဃ)၊ (ထ)၊ (ဏ)နှင့်(ဂ) အထူးအဲကွန်း အထူးတွဲဆိုင်းများကိုလည်း ရပ်နားမည်ဖြစ်ပြီး ခရီးသည်များအချိန်မီသိရှိစေရန် ကြေညာထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

အမြန်ရထား ခရီးစဉ်များဖြစ်သော ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိကို အမြန်ရထားများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်းအမှတ် ၅ အဆန် ၆အစုန်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း အမှတ် ၃၅အဆန် ၃၆ အစုန်၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းများဖြစ်သောအမှတ် ၃၇ အဆန် ၃၈ အစုန်၊ အမှတ် ၅၇ အဆန် ၅၈ အစုန်၊ အမှတ် ၃၃ အဆန် ၃၄ အစုန်၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း အမှတ် ၇ အဆန် ၈ အစုန်၊ ရန်ကုန်-ပုဂံ-ပခုက္ကူ လမ်းပိုင်းအမှတ် ၆၁ အဆန် ၆၂ အစုန်နှင့် ကျိုက်ထို(၁)/(၂)အပါအဝင် လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် RBE ရထားများအားလုံးလည်းရပ်နားမည်ဖြစ်သည်။

လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် ခရီးတိုရထားခရီးစဉ်ဖြစ်သော ပဲခူး-ရန်ကုန်အမှတ် ၁၃ အဆန် ၁၄ အစုန်အပါအဝင်ကျန်ခရီးတို ရထားခရီးစဉ်များအားလုံးကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိရပ်နားမည်ဖြစ်သည်။ ထို့အပြင် ယခုနှစ်သင်္ကြန်ရက်များအတွင်း ပြေးဆွဲပေးမည့် သင်္ကြန်အထူးရထားအတွက်ကိုလည်း ပြီးခဲ့သောနှစ်ထက်ပိုမိုစောစီးစွာ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်လျက်ရှိနေကြောင်း သိရသည်။ **စိုးဝင်း(SP)**

လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြုမြေပုံတွင် ဆောင်ရွက်ရမည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွက် အရေးပါသောကဏ္ဍများကို ဦးစားပေး

နေပြည်တော် မေ ၂

(၁၆)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် လေ့လာသူများအဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ဦးရဲထွဋ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို အာဆီယံသီချင်း ဖွင့်လှစ်ဂုဏ်ပြုပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီတွင် Focal အဖြစ် တာဝန်ယူထားသည့်အလျောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အထူးအစည်းအဝေးပွဲကို မတ် ၃ ရက်က ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက တာဝန်ယူကျင်းပရမည့် လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးများ၊ ၂၀၁၅ ခုနှစ်အလွန် ကာလအတွက် အကြံပြုချက်များ၊ နှစ်ဝက်သုံးသပ်ချက်များ၊ ကြုံတွေ့ရမည့် အခက်အခဲများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါကြောင်း။

အစည်းအဝေးတွင် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ယာယီဖြန့်ဝေချက်များသည် အာဆီယံ ထိပ်သီးအစည်းအဝေး၌ ဆွေးနွေးရမည့် အဓိကအချက်များ ပင်ဖြစ်ပါကြောင်း၊ အာဆီယံဒေသအတွင်း ၂၀၁၅ ခုနှစ်တွင် လူထုအခြေပြု အာဆီယံအသိုက်အဝန်း တစ်ခုတည်ဆောက်နိုင်ရေးအတွက် အာဆီယံမဏ္ဍိုင်ကြီးသုံးခု အောက်တွင် အမျိုးမျိုးသော အပြန်အလှန်ဆက်နွယ်နေသည့် ကိစ္စရပ်များရှိနေပါကြောင်း၊ ယင်းကိစ္စရပ်များတွင် မိမိတို့အနေဖြင့် လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြုမြေပုံတွင် ပါဝင်သည့် ဆောင်ရွက်ရမည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ပြည်သူများအတွက် အရေးပါသော ကဏ္ဍများကို ဦးစားပေးရမည်ဖြစ်ပါကြောင်း။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း မိမိတို့ ယဉ်ကျေးမှုဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီသည် အခြားသော အာဆီယံမဏ္ဍိုင်နှစ်ခုနှင့် လက်တွဲညီစွာ ပူးပေါင်းကာ ငြိမ်းချမ်းသာယာဝပြောသော အာဆီယံ အသိုက်အဝန်းဆီသို့ ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကျင်းပသော (၁၆)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မတ် ၃ ရက်က ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပခဲ့သော အထူးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် သတ်မှတ်ခဲ့ကြသော ဦးစားပေး နယ်ပယ်များအပေါ် ဆွေးနွေးပေးသွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း(ASCC) အခြေပြုမြေပုံ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ ASCC၏ ကြေညာချက်စာတမ်းများအတွက် ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ ASCC ပင်မအဖွဲ့ အခြေပြုမြေပုံ၏ အကောင်အထည်ဖော်ခြင်းနှင့် ၂၀၁၅ ခုနှစ်အလွန်ကာလ ရည်မှန်းချက် ဆက်စပ်ခြင်းတို့အတွက် လုပ်ငန်းလမ်းညွှန်များ၊ အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များအတွက် အာဆီယံညှိနှိုင်းမှုကောင်စီ၏ ပထမအကြိမ် အလုပ်သဘော အစည်းအဝေး၊ တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာမှုနှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းတွင် ပါဝင်လာမှုများအတွက် လေ့လာမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း အားမေးမြန်းရာ ၎င်းက "အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပြီးခဲ့တဲ့ မတ် ၃ ရက်တုန်းကလည်း ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးတွင် ကျင်းပမည့် SOCA Meeting တွေနဲ့ ပတ်သက်လို့ အဆင့်မြင့်အရာရှိကြီးတွေနဲ့ ဝန်ကြီးအဆင့် အစည်းအဝေးတွေမှာ ၂၀၁၅ အာဆီယံအသိုက်အဝန်းကို ASCC Pillar အနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာ ဆွေးနွေးကြမှာပါ။ အဓိကဘာပါလာမလဲဆိုတော့ Mid-Term Review လို့ခေါ်တဲ့ ပြီးခဲ့တဲ့ ASCC နှစ်ဝက် အကဲဖြတ်အစီရင်ခံစာမှာ မပြီးသေးတဲ့ လုပ်ငန်းတွေရှိတယ်။ အဲဒီအတွက်ကို Core Group ဖွဲ့ပြီးတော့ ဆက်လုပ်ဖို့ လုပ်ငန်းပါမယ်။ နောက်တစ်ခါ ASCC Pillar အောက်မှာ Characteristic ခြောက်ခုရှိပါတယ်။

အဲဒီဝိသေသလက္ခဏာ ခြောက်ခုကို ဘာလွှမ်းခြုံထားသလဲဆိုတော့ အာဆီယံထဲမှာရှိတဲ့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုကွာဟချက် နည်းပါးဖို့ရယ်၊ နောက်တစ်ခုက အာဆီယံထဲမှာရှိတဲ့ နိုင်ငံတွေဟာ အာဆီယံအသိုက်အဝန်းကို သွားတဲ့အခါ အာဆီယံရဲ့ Identity ကို စောင့်ရှောက်ပြီးတော့ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာတွေအပေါ်မှာ ဆွေးနွေးကြဖို့ ရှိပါတယ်။ လူမှုဖွံ့ဖြိုးဖို့ အဓိက ကတော့ ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးကို ဘယ်လိုသွားကြမလဲဆိုတာတွေကို အဓိကထားပြီး ဆွေးနွေးပါမယ်။ အဲဒီအပေါ်မှာ Migrant Worker လို့ခေါ်တဲ့ ရွှေ့ပြောင်း အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ Issue လေးတွေရှိပါတယ်။ အလုပ်သမားတွေပို့တဲ့နေရာမှာ ကျွန်မတို့လိုပဲ အာဆီယံထဲမှာ Sending Country ဆိုတဲ့ အလုပ်သမားပို့တဲ့ နိုင်ငံတွေရှိတယ်။ တစ်ခါ Receiving Country ဆိုတဲ့ အလုပ်သမားလက်ခံတဲ့ နိုင်ငံတွေရှိတယ်။ Sending Country တွေနဲ့ Receiving Country တွေကြားမှာ ဆောင်ရွက်ရမယ့် အချက်အလက်တွေ၊ အပြန်အလှန် အပေးအယူ ညှိနှိုင်းတဲ့ ကိစ္စရပ်တွေဟာ အခုအချိန်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကလည်း ဆက်ပြီးတော့ ဆွေးနွေးတုန်းပဲ ရှိပါသေးတယ်။ ဒီဟာကလည်း Instrument အနေနဲ့ တွန်းအားပေးပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အာဆီယံအနေနဲ့ ရာသီဥတုပြောင်းလဲမှု (Climate Change)နဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ ထုတ်ပြန်ကြေညာရမယ့်အချက်ကလေးတွေကို ဆွေးနွေးသွားဖို့ရှိတယ်။

နောက်တစ်ခုကတော့ ALVRC လို့ခေါ်တာပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အဓိကဆိုင်ပါတယ်၊ ပြန်ကြားရေးက အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့တဲ့ ASEAN Virtual Learning Center လို့ခေါ်တဲ့ အာဆီယံရဲ့ Web တစ်ခုထောင်ထားမယ်။ အဲဒီအပေါ်မှာ အာဆီယံရဲ့ယဉ်ကျေးမှု၊ လူမှုရေး စသည်ဖြင့် အာဆီယံနိုင်ငံတွေရဲ့ အကြောင်းအရာတွေကို Learning Center တစ်ခုအနေနဲ့ Information အချက်အလက်တွေကို တင်တဲ့ Project တစ်ခုလုပ်တဲ့အခါ ၂၀၁၄ ခုနှစ်အတွင်း Launch လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

နောက်တစ်ခုကတော့ Haze နဲ့ ပတ်သက်လို့လည်း စင်ကာပူက သူတို့ဆီမှာ အဆင့်မြင့်အရာရှိကြီးတွေ ဆွေးနွေးထားတဲ့အချက်ကို ပြန်ပြီး ဆွေးနွေးဖို့ရှိသလို အဓိကကတော့ ကျွန်မတို့ဆွေးနွေးမှာက ၂၀၁၅ အလွန် အာဆီယံရဲ့ Vision ပေါ့၊ အာဆီယံအနေနဲ့ နောင် ၁၀ နှစ် ၁၅ နှစ်ကို ဘာမျှော်မှန်းမလဲ၊ ဘယ်ကိုသွားမလဲဆိုတာကို ဆောင်ရွက်ပြီးစီးခဲ့တဲ့အပေါ်မှာ မူတည်ပြီးတော့ အာဆီယံရဲ့ Vision ကို 3 Pillar ဖြစ်တဲ့ APSC, AEC, ASCC Pillar သုံးခုကနေပြီးတော့ အခုပြီးခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်လုပ်သွားတဲ့ ACCWG, JPM စတဲ့ အစည်းအဝေးတွေမှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်မတို့က ဒါကိုထပ်ပြီးတော့ ကျွန်မတို့ ASCC က ဆက်စပ်ပြီး အသေးစိတ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ဒုတိယဝန်ကြီး ဦးရဲထွဋ် မီဒီယာမေးမြန်းမှုကို ဖြေကြားစဉ်။
(သတင်းစဉ်)

အလားတူ အစည်းအဝေးနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောကြားရာတွင် "အဓိကအားဖြင့် ASCC အောက်မှာ ပြန်ကြားရေးကဏ္ဍရှိပါတယ်။ ပြန်ကြားရေးကဏ္ဍအတွက် ကျွန်တော်တို့က တာဝန်ယူဆောင်ရွက်နေတာဖြစ်တယ်။ ဝန်ကြီးဌာနရဲ့အောက်မှာ အဓိကတာဝန်ယူဆောင်ရွက်နေတာက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖြစ်ပါတယ်။ လာမယ့် ဇွန်လထဲမှာ အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး လုပ်ဖို့ရှိပါတယ်။ ပြီးရင် အာဆီယံရဲ့ပြန်ကြားရေးကဏ္ဍမှာ ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေ ဆွေးနွေးဖို့ရှိပါတယ်။ ဒုတိယပိုင်းကတော့ ASCC ရဲ့အောက်မှာ အာဆီယံပြည်သူချင်း ဆက်ဆံရေး၊ နောက်တစ်ခါ တစ်ခုတည်းသော အသိုက်အဝန်းအဖြစ် တည်ဆောက်တဲ့အခါ ပြည်သူတွေအနေနဲ့ အာဆီယံအကြောင်း ပိုသိဖို့ ကိစ္စ၊ ဒါကိုလည်း ကျွန်တော်တို့လုပ်နေတာတွေရှိတယ်။ ဒီကနေ့ကတော့ ကျွန်တော်က ဒီအစည်းအဝေးမှာ ဖွင့်ပွဲတင်မဟုတ်ဘဲ ASCC အစည်းအဝေးနှစ်ခုစလုံးမှာ လေ့လာသူအနေနဲ့ တက်ရောက်မှာပါ။

"တကယ်တမ်းပြောရရင် ASCC ရဲ့လုပ်ငန်းတွေဟာ ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝကို ပိုပြီးတော့ အကျိုးသက်ရောက်မှုရှိတယ်။ သို့သော်လည်း အာဆီယံရဲ့ မဏ္ဍိုင်ကြီးသုံးခုထဲမှာ ASCC နဲ့ ပတ်သက်ရင် လူတွေက သိတာပိုနည်းနေတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဘက်ကလည်း ပြည်သူတွေကို အသိပညာပေးနိုင်မှုမှာ အားနည်းချက်တွေ ရှိနေသေးတယ်။ သမားရိုးကျဆန်နေတာပေါ့။ ဒါကြောင့် ဒီကနေ့ အစည်းအဝေးမှာ ကိုယ်တိုင်နားထောင်မယ်။ ပြီးရင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီ ၂၀၁၄ အသိုင်းအဝိုင်းဖြစ်လာတဲ့ ၂၀၁၅ အလွန်ကာလတွေမှာ အာဆီယံပြည်သူချင်း ဆက်ဆံရေးနဲ့ပတ်သက်လို့ ပိုပြီးထိထိရောက်ရောက်လုပ်နိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်တယ်။

"ASEAN ဥက္ကဋ္ဌ တာဝန်ယူတဲ့အတွက် ရရှိတဲ့အကျိုးရလဒ်ကိုပြောရရင် ပထမတစ်ခုက နိုင်ငံရေး ဂုဏ်သိက္ခာပေါ့၊ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကို ၁၉၉၇ ခုနှစ်ကတည်းက စဝင်ခဲ့တယ်။ သို့သော် အကြောင်းကြောင်းကြောင့် အာဆီယံဥက္ကဋ္ဌရာထူးကို ၂၀၀၆ ခုနှစ်မှာတုန်းက လက်ခံခြင်းမပြုဘဲ ရွှေ့ဆိုင်းပေးခဲ့ရပါတယ်။ အခု ကျွန်တော်တို့က ဒါကိုပြန်ပြီး တာဝန်ယူတယ်။ ဒီလိုကျွန်တော်တို့တာဝန်ယူမှုကို အရင်တုန်းကလို ကန့်ကွက်မှုမရှိဘဲနဲ့ အဖွဲ့ဝင်နိုင်ငံတွေကသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ လိုလိုလားလား ထောက်ခံတဲ့အတွက် နိုင်ငံရေးဂုဏ်သရေမြင့်တက်လာတာပေါ့။

"ဒုတိယက အာဆီယံအစည်းအဝေးတွေ ကျင်းပခြင်းဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးဟာ နိုင်ငံတကာနဲ့ဆက်သွယ်မှုပိုမိုများပြားလာမယ်။ ပိုပြီး အသိပညာတွေပြည့်ဝလာမယ်။ ဒီလိုအစည်းအဝေးတွေ ကျင်းပခြင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွေမှာ အခွင့်အလမ်းတွေ ပိုရလာမယ်။ မြန်မာနိုင်ငံအကြောင်းကို ပိုပြီး သိလာကြမယ်။ ဥပမာ လာမယ့် အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာ ကျင်းပမယ့် အာဆီယံထိပ်သီး အစည်းအဝေးမှာ အမေရိကန်သမ္မတအပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံလောက်က ခေါင်းဆောင်တွေလာတက်မယ်။ ဒီလိုတက်ခြင်းအားဖြင့် သူတို့နဲ့ပါတဲ့ ကိုယ်စားလှယ်အဖွဲ့တွေကြားမှာ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုတွေ၊ ပြည်သူတွေရဲ့ ယဉ်ကျေးဖော်ရွေမှုတွေကို ပြသခွင့်ရမှာဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

စပွန်ဆာပေးထားတဲ့ အယ်လ်အီးဒီမီးဆိုင်းတွေနဲ့အလှဆင်ထားမှာပါ။ ဒီနှစ်သင်္ကြန်အတွက် သီချင်းအသစ် ၁၀ ပုဒ် ရေးစပ်ထားပြီးတော့ ဖိုးသောကြာ၊ ဦးသန်းမြတ်စိုးတို့အပြင် အဆိုတော် ဒေါ်မာမာအေးကလည်း လာရောက်လှည့်လည်ဖျော်ဖြေပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

သင်္ကြန်ပွဲတော်တွင် ပါဝင်ဖျော်ဖြေမှုများအနေဖြင့် ဧပြီ ၁၂ ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် နာယကပူဇော်ပွဲကို အသင်းတိုက်တွင်ကျင်းပမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် မဟာမုနိဘုရားကြီးအား အလှပြယာဉ်နှင့်အတူ ဖူးမြော်ဦးတိုက်ကြည်ညို၍ ညနေပိုင်း မြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲတွင် အလှပြယာဉ်များအား ရှေ့ဆုံးမှ ဦးဆောင်၍ ဖွင့်ပွဲကို ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထို့နောက် သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ညနေ ၅ နာရီမှစ၍ ဖိတ်ကြားထားသော မြို့တွင်းရှိ အိမ်များသို့ လှည့်လည်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

စာမတတ်သူပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဝန်းသို မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း စာတတ်မြောက်သူဦးရေတိုးပွားစေရန်အတွက် စာမတတ်သူပပျောက်ရေး(အသုံးလုံး) လှုပ်ရှားမှု အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၁ ရက်က ဝန်းသိုမြို့ ဦးအောင်မြတ်ခန်းမ၌ ကျင်းပသည်။

သင်ကြားမည်

ဝန်းသိုမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ စာမတတ်သူများအား နယ်မြေတာဝန်အလိုက် ရွှေဘိုတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဧပြီ ၁ ရက်မှ မေလ ၁၅ ရက်အထိ ၄၅ ရက်ကြာ ကွင်းဆင်း၍ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❒ *ကျောဖုံးမှ*

တစ်ဖက်ခြမ်းတွင်ရှိပြီး ဆင်တောင်ခြေတွင်ရှိသည်။ လေပြင်းများ အနောက်မြောက်အရပ်မှ ရုတ်တရက် တိုက်ခတ်လာခြင်းဖြစ်ကြောင်း၊ အချို့နေရာများတွင် လေပွေကြီးများဖြစ်ခဲ့ကြောင်း သိရသည်။ အနောက်မြောက်အရပ်ဘက်မှစတင်တိုက်ခတ်လာသောလေသည် တစ်နာရီ မိုင် ၃၀ ခန့်ရှိသည်ဟုခန့်မှန်းသော်လည်း မြို့တွင်းရပ်ကွက်များတွင် တောင်ကုန်းများ၊ သစ်ပင်ကြီးများ ကာကွယ်မှုကြောင့် လေပြင်းထန်ခြင်းမရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာအုပ်စု နမ့်ဟူးကျေးရွာတွင် နေအိမ်အမိုးများလန်သွားကာ ပြောင်းဖူးသိုလှောင်ရုံတစ်ရုံ ပြိုပျက်ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်သည့် ည ၇ နာရီခွဲမှစပြီး လားရှိုးမြို့ပေါ်တွင် လျှပ်စစ်မီးများပြတ်တောက်သွားရာ ဧပြီ ၂ ရက် မွန်းလွဲပိုင်းအထိ ရပ်ကွက်အချို့၌ လျှပ်စစ်မီးမရရှိသေးကြောင်း၊ သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားပြီးနောက် ညပိုင်းတွင် လျှပ်စစ်မီးများ ပုံမှန်ပို့လွှတ်မည်ဖြစ်ကြောင်း သိရသည်။ **မမ(လားရှိုး)**

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

လယ်ယာကဏ္ဍတွင် ခိုင်မာသော အခြေခံကောင်းများရရှိရေးအတွက် စက်မှုလယ်ယာစနစ်သို့ လက်တွေ့ပြောင်းလဲနိုင်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရန် လိုအပ်မှု၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် နည်းဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု၊ မူလဥပဒေပါအနှစ်သာရ၊ ရည်ရွယ်ချက်နှင့်ကိုက်ညီစွာ နည်းဥပဒေအား ပြည့်စုံစွာရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားရယူကာ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏ ဈေးကွက်ခိုင်မာရေးနှင့် ထိုက်တန်သော ဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်သည့် လက်ကားဈေး (Whole Sale Market) များ ထူထောင်ရန် လိုအပ်နေမှု၊ လက်ကားဈေးများကို ဒေသအလိုက် ထူထောင်နိုင်မည့် အလားအလာများနှင့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများက ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ဆွေးနွေးမှာကြားရာတွင် ပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်ပြီး ၎င်းတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရန်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအပေါ် မူတည်နေပါကြောင်း၊ ထိုသို့ဖွံ့ဖြိုးလာရန်အတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ကို တောင်သူလယ်သမားများက သိရှိနားလည်ရုံသာမက ယုံယုံကြည်ကြည်ဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးရန် လိုအပ်ပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ အခြေခံအခွင့်အရေးများဖြစ်သည့် မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သော စပါးစိုက်ပျိုးရေးကို မထိခိုက်စေဘဲ တောင်သူများစိတ်ကြိုက်တွက်ခြေကိုက်သည့်သီးနှံများကို လွတ်လပ်စွာရွေးချယ်စိုက်ပျိုးနိုင်ခွင့်ရရှိရေး၊ စိုက်ပျိုးရန်အတွက် သင့်တင့်သည့် ချေးငွေများရရှိရေး၊ စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး၊ ဈေးကွက်တင်ပို့ရောင်းချရေး စသည့်လုပ်ငန်းစဉ်များကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရရှိရေး၊ လယ်ယာထုတ်ကုန်အာမခံရရှိရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ရရှိရေး စသည့် အခွင့်အရေးများကို ထိရောက်စွာကာကွယ်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ၎င်းတို့၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရန်အတွက် မူဝါဒများ၊ ငွေကြေးအကူအညီများ၊ ဥပဒေဖြင့်ကာကွယ်ပေးမှုများ စသည်တို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေရေးဆွဲအတည်ပြုပြီးပါက ဥပဒေကို အသက်ဝင်အောင် အားကြိုးမာန်တက်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရင်းဖြင့် ရရှိလာသည့်အတွေ့အကြုံများအပေါ် မူတည်ပြီး ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဥပဒေ၊ နည်းဥပဒေများဖြင့် တောင်သူများလက်တွေ့အကျိုးရှိအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ထိုက်တန်သည့်ဈေးနှုန်းရရှိရေးအတွက် သီးနှံများတာရှည်ခံအောင် ထိန်းသိမ်းထားနိုင်သည့် သိုလှောင်ရုံ (Silo) များ၊ လက်ကားဈေးကွက်ကြီးများ ထူထောင်ပေးရန် လိုအပ်ပါကြောင်း၊ ထို့အတူ (Supply Chain) တစ်လျှောက် အလေအလွင့်မရှိ ထိထိရောက်ရောက်အကျိုးရှိရေးအတွက် တိကျမှန်ကန်သော မူဝါဒများ၊ ဥပဒေများချမှတ်ပြဋ္ဌာန်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဈေးကွက်သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်များအား ထိရောက်စွာဖြန့်ဖြူးနိုင်ရေးစသည်တို့ကို ချိတ်ဆက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို နည်းမှန်လမ်းမှန်ဖြင့် ပုံပန်းတကျဆောင်ရွက်နိုင်သည့် နည်းစနစ်များလိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ပတ်သက်သူအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်သူပညာပေးစံပြစိုက်ကွင်းရှိ သင်္ဘောစိုက်ခင်းတွင်သင်္ဘောသီးများဖြင့် အစီအရီအောင်မြင်ဖြစ်ထွန်းနေမှု၊ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရန် စိုက်ပျိုးထားသည့် နာနတ်စိုက်ခင်းများ၊ ဆယ့်နှစ်ရာသီစပ်မျိုးငရုတ်စိုက်ခင်း၊ ရွှေဖရုံ၊ ဘူး၊ စပ်မျိုးသခွားမွှေး၊ ဖရဲ၊ စပ်မျိုးခရမ်းသီးစိုက်ခင်းများ၊ ထိုင်းနှင့်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့ရန် ရွှေ့ပြေးစိုက်ပျိုးထားသော ကညွတ်စိုက်ခင်း၊ သိပ္ပံနည်းကျစင်တင်စနစ်ဖြင့် စိုက်ပျိုးထားသော စပ်မျိုးကြက်ဟင်းခါးစိုက်ခင်း၊ ဂျပန်ဖရဲစိုက်ခင်း၊ ခေတ်မီရေဖျန်းစနစ်ဖြင့် ပျိုးထောင်ထားသော ကညွတ်ပျိုးခင်းနှင့် ရာသီသီးနှံစိုက်ခင်းများ၊ နယူးဇီလန်ကုမ္ပဏီ၏ ပိုက်ကွန်စနစ် (Net House) ဖြင့်ဆောင်ရွက်ထားသည့် ဟင်းသီးဟင်းရွက်ပျိုးဥယျာဉ်များ၊ ကညွတ်စိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်အမယ်စုံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဘေးကင်းလုံခြုံစိတ်ချရမည့် ပိုက်ကွန်စနစ်စိုက်ခင်းများကို ရွှေ့ပြေးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ရာသီအလိုက် ဝင်ငွေတွက်ခြေကိုက်သော ဟင်းသီးဟင်းရွက်များကို ရွေးချယ်စိုက်ပျိုးကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမပြန်စာမေးပွဲစာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညိုပူဇော်

နေပြည်တော် ဧပြီ ၂

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရမည်းသင်းမြို့ ရန်အောင်မြင် သာသနာ့ဗိမာန်၌ ၂၀၁၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်အား အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့ ရန်အောင်မြင်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၅)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲသို့တက်ရောက်၍ ကြည်ညိုကာ အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ရန်အောင်မြင်ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓသာရထံမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ထို့နောက် ၂၀၁၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူပုဂ္ဂိုလ်ဆိုင်ရာ အဘိဓမ္မာစာမေးပွဲ၌ ဝိသုဒ္ဓိမဂ်ပထမအဆင့် အောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဧည့်ပရိသတ်များက ရန်အောင်မြင်ကျောင်း ဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားနာယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာရေး ဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၄ (၂၀၁၃) ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ရမည်းသင်းမြို့နယ်မှ နိကာယ်တန်းတွင် ဝိနယဝိဒူဘွဲ့ရ ဆရာတော် တစ်ပါး၊ ပထမကြီးတန်းတွင် ငါးပါး၊ ပထမလတ်တန်းတွင် ၁၄ ပါးနှင့် ပထမငယ်တန်းတွင် ၂၉ ပါး အသီးသီး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးနှင့် ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးအဖွဲ့ လုပ်ငန်းများလက်ဆက်ဆောင်ရွက်နေ

စစ်တွေ ဧပြီ ၂

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မတ် ၃၀ ရက်မှစ၍ မတ် ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖြစ်ပွားခဲ့သော အခြေအနေများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ဆောင်ရွက်ချက်မှာ ကျန်းမာရေးနှင့်ပတ်သက်၍ MoU ထိုးထားသည့် ကိစ္စရပ်များအားလုံး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး MSF မှ (HIV/AIDS) ဆေးများ သုံးလစာပေးထားပြီး ကျန်ရှိဆေးများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်။

ဖမ်းဆီးစစ်ဆေး

ဒုက္ခသည်စခန်းများကို ရိက္ခာဖြန့်ဝေမှုနှင့်ပတ်သက်၍ ဧပြီ ၁၆ ရက်အထိ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့်လူ ၁၂ ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

✲ *ရှေ့ဖုံးမှ*

"မြန်မာနိုင်ငံရဲ့ဘဏ်စနစ်နဲ့ ငွေကြေးစနစ်တွေမှာ နိုင်ငံတကာအဆင့်မီ ပူးပေါင်းပါဝင်မှုတွေပြုလုပ်နေပါတယ်။ ငွေကြေးထုတ်ယူသုံးစွဲနိုင်တဲ့ ATM စက်တွေ၊ငွေကြေးဝန်ဆောင်မှုတွေကို လွယ်ကူလျင်မြန်လုံခြုံစွာအသုံးပြုနိုင်တဲ့ Master Card နဲ့ Visa Card တွေကို အသုံးပြုနိုင်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သလိုငွေကြေးဝန်ဆောင်မှုပေးနိုင်မယ့် E-Commerce Gateway တစ်ခုကို မေလမှာ ပြုလုပ်ဖို့စီစဉ်နေပါတယ်"ဟု CB ဘဏ်၏ အိုင်တီဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာအောင်က ပြောသည်။

E- Commerce Gateway ကြောင့် အွန်လိုင်းပေါ်တွင် ကုန်ပစ္စည်းများ ရောင်းဝယ်မှု၊ ငွေပေးချေမှု စသည့်လုပ်ငန်း အများအပြားကို လျင်မြန်လွယ်ကူစွာဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အချိန်တန်ဖိုးရှိသော ယနေ့ခေတ်တွင် နိုင်ငံတကာအဆင့်မီ ငွေကြေးလုပ်ငန်းများဖြစ်သည့် ငွေပေးချေမှု လွှဲပြောင်းမှုများကို အွန်လိုင်းပေါ်မှတစ်ဆင့် လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဝက်ဘ်ဆိုက်ရှိသောဟိုတယ်များအနေဖြင့် နိုင်ငံတကာမှနေ၍ ဟိုတယ်အခန်းခများ ကြိုတင်ပေးချေနိုင်မှု၊ အခန်းငှားရမ်းမှုများကို ပြုလုပ်နိုင်မည်ဖြစ်သလို ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အွန်လိုင်းမှနေ၍ အရောင်းအဝယ်ဆိုင်ရာငွေပြောင်း၊ ငွေလွှဲနှင့် ငွေပေးချေနိုင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

လောလောဆယ် Mobile Banking သုံးစွဲသူပေါင်း ၄၅၀၀ ခန့်အထိရှိနေပြီး Master Cards အသုံးပြုသူ ၄၈၄၀ ဦးရှိကာVisa Card အသုံးပြုသူ ၂၃၁၃ ဦးရှိနေပြီဖြစ်သည်။ ထို့ကြောင့် ပိုမိုအဆင်ပြေကာ လျင်မြန်မှုရှိစေမည့် E- Commerce Gateway ကို ဆောင်ရွက်ပေးတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပျောက်ဆုံးမလေးရှားလေယာဉ်ကို အရှိန်မြှင့်ရှာဖွေရန် တရုတ်ဝန်ကြီးချုပ်နှင့်ဩစတြေးလျဝန်ကြီးချုပ်တို့သဘောတူ

ပေကျင်း ဧပြီ ၂

ပျောက်ဆုံးမလေးရှားလေယာဉ်ကို စွမ်းအားရှိသမျှ ဆက်လက်ရှာဖွေရန် တရုတ်ဝန်ကြီးချုပ် လီကာချင်နှင့် ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဗော့တို့ ဧပြီ ၂ ရက်က သဘောတူခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ်နှင့် ဩစတြေးလျဝန်ကြီးချုပ်တို့သည် တစ်ဦးနှင့်တစ်ဦးဖုန်းဖြင့် ဆက်သွယ်စကားပြောကြစဉ် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးနှင့်ပတ်သက်၍ အထက်ပါအတိုင်း သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဗော့က လေယာဉ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအပြင် လက်ရှိလုပ်ဆောင်နေသော စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို တရုတ်ဝန်ကြီးချုပ်အား တစ်လုံးမကျန် ပြောပြခဲ့သည်။ တရုတ်ဝန်ကြီးချုပ် လီကာချင်ကလည်း ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ဩစတြေးလျအစိုးရ၏ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့မှုကို လေးစား အသိအမှတ်ပြုပါကြောင်း သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် လီကာချင်က လေယာဉ်

ဘာသာပြန် - ကျော်သဲအိမ်

ရှာဖွေရေးလုပ်ငန်းမှာ ပို၍ခက်ခဲပြီး ပို၍ရှုပ်ထွေးလာကြောင်း၊ ရှာဖွေရေးလုပ်ငန်းကို လျှော့ချခြင်း၊ စွန့်လွှတ်ခြင်း ပြုမည့်အစား နှစ်ဖက်စလုံးက ရှိသမျှစွမ်းအားဖြင့် ဆက်လက်

ပြည်တွင်းသတင်း

ရမည်းသင်းမြို့နယ် သီလဝခန်းမ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

အများအတွက် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ရမည်းသင်းမြို့ သီလဝခန်းမ အသစ်တည်ဆောက်မည့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ပန္နက်တင်ပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသောင်းလွင်က သီလဝခန်းမ တည်ဆောက်ရေးအတွက် စီမံချက်ရေးဆွဲ၍ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများပါဝင်သည့် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို စနစ်တကျဖွဲ့စည်းခဲ့ပါကြောင်း၊ မူလခန်းမ(အဟောင်း) ဖျက်သိမ်းရောင်းချရေးနှင့်ခန်းမ(အသစ်) တည်ဆောက်ရေးတင်ဒါများကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ခေါ်ယူခဲ့ပါကြောင်း၊ သီလဝခန်းမအဟောင်း ဖျက်သိမ်းရောင်းချရာတွင် ဈေးအများဆုံးပေးသည့် ကုမ္ပဏီအား တင်ဒါချထားပေးခဲ့ပါကြောင်း၊ ခန်းမအသစ် တည်ဆောက်ရေးလုပ်ငန်းအတွက် ကုမ္ပဏီငါးခုမှ တင်ဒါတင်သွင်းခဲ့ပါကြောင်း၊ တင်ဒါ တွက်ချက်စစ်ဆေးမှုများကို အဆင့်ဆင့်တင်ပြစိစစ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုချက်ရယူ၍ တင်ဒါချထားပေးကာ ပွင့်လင်းမြင်သာစွာဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြို့နယ်အတွက် အမှန်တကယ်လိုအပ်သည့် အဆောက်အအုံတစ်ခု ဖြစ်သည့်အတွက် မြို့ကျက်သရေဆောင် အဆောက်အအုံတစ်ခုဖြစ်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ကုန်ကျစရိတ်ကိုလည်း အများသိရှိအောင် အသိပေးထုတ်ပြန်သွားရန် လိုအပ်သကဲ့သို့ လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များကလည်း စနစ်တကျစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အများအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ် ဆောင်ရွက်သွားရမည့်အပြင် လာရောက်လေ့လာကြသူများအား အချိန်မရွေးရှင်းလင်းနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် သီလဝခန်းမ အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် အလှူငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

တည်ဆောက်သွားမည်

ရမည်းသင်းမြို့ သီလဝခန်းမကို လူ ၈၀၀ ဆံ့ R.C Steel Structure တစ်ထပ်အဆောက်အအုံအဖြစ် ငွေကျပ်သိန်း ၂၂၈၀ သိန်း အကုန်အကျခံ တည်ဆောက်သွားမည် ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်း ကုန်ကျငွေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀၊ ရမည်းသင်းခရိုင် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀၊ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေမှ ငွေကျပ် ၄၈၀ သိန်း၊ ခန်းမအဟောင်းနှင့် ဈေးဆိုင်ခန်းများ ရောင်းချရငွေကျပ်သိန်း ၅၀၀ ဖြင့် ၁၀ လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးနှင့် ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့ သီလဝခန်းမ အသစ်တည်ဆောက်မည့် ပုံစံကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှု

ရန်ကုန် ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဧပြီ ၁ ရက် နံနက်က ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ဟင်္သာကုန်းရပ်ကွက်များ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပဲခူးမြို့နယ်တွင် ကောက်ကွက်ပေါင်း ၆၇၇ ကွက်၊ အဖွဲ့အစည်းပေါင်း ၃၇ ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက် ၉၆၄ ဦးရှိပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၇၉၄၃ ကွက်၊ စာရင်းစစ်၊ စာရင်းကောက် ၁၁၃၄၁ ဦးနှင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ကြည့်ရှုအားပေး

အောင်လံ ဧပြီ ၂

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက အောင်လံမြို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်လဝကဦးစီးမှူး ဦးစောလှမောင်တို့နှင့်အတူ အောင်လံမြို့ပေါ်ရှိ နေအိမ်များတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု အခြေအနေများကို အိမ်တိုင်ရာရောက် ကြည့်ရှုအားပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

လောက်ကိုင်၌ သန်းခေါင်စာရင်းကောက်ယူ

လောက်ကိုင် ဧပြီ ၂

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၁၃၁ ရွာတွင် ကောက်ကွက်ပေါင်း ၁၀၈ ကွက်ကို စာရင်းကောက် ၁၄၀၊ စာရင်းစစ် ၄၃ ဦးတို့ဖြင့် မတ် ၃၀ ရက် နံနက် ၇ နာရီက စတင်ကောက်ယူလျက်ရှိသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စာရင်းကောက်များ၊ စာရင်းစစ်များ၊ ရပ်ကွက်/ ကျေးရွာ သန်းခေါင်စာရင်းကြီးကြပ်ရေးအဖွဲ့များ၊ ခရိုင်/မြို့နယ်အဆင့် သန်းခေါင်စာရင်း ကြီးကြပ်ရေးအဖွဲ့များဖြင့် စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်လင်း(iprd)

အလုံမြို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း တတိယနေ့ဖြစ်သော ဧပြီ ၁ ရက်က အလုံမြို့နယ် လွှတ်လပ်ရေးရပ်ကွက်၌ စာရင်းကောက်ယူနေကြစဉ်။ ဘော်ဂါသွေး

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆက်လက်ကောက်ယူလျက်ရှိ ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအချို့တွင်သာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိ

နေပြည်တော် ဧပြီ ၂

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက်မှစတင်ပြီး ကောက်ယူခဲ့ရာ ဧပြီ ၁ ရက်တွင် တတိယနေ့အဖြစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအချို့၌ ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိသည့်နေရာများမှာ ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ခွဲ၊ ကောင်နန်ရပ်ကွက်နှင့်ဆိုင်းဂျာရပ်ကွက်၊ ဗန်းမော်ခရိုင် မန်စီမြို့နယ် မိုင်ခေါင်ကျေးရွာအုပ်စုနှင့်ကောင်လွင်ကျေးရွာအုပ်စု၊ မန်စီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀၊ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ရှိ ကဆုန့်ရွာနှင့် ဇွပ်မိုင်ရွာ၊ ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ဟင်ခုတ်ကျေးရွာအုပ်စု၊ နားခါးလုံကျေးရွာအုပ်စု၊ လွယ်ယားကျေးရွာအုပ်စု၊ မန်တုံမြို့နယ် ပန်ကုံးကျေးရွာအုပ်စုတို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကျိုင်းတုံမြို့နယ်တွင် အသုံးလုံးသင်တန်းများဖွင့်

ကျိုင်းတုံ ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် နွေရာသီအသုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေနှင့်ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်တို့ အမှတ်(၂)ရပ်ကွက် အမက(၄)ရှိ စာသင်ဝိုင်းနှင့်အမှတ်(၃)ရပ်ကွက် မွန်းဆန်းဘုန်းကြီးကျောင်းရှိ စာသင်ဝိုင်းများသို့ သွားရောက်အားပေးကြသည်။

အမက(၄) စာသင်ဝိုင်းမှ အသက် (၇၈)နှစ် အရွယ် အဘိုးဦးစိုင်းအွန်က မိမိစာတတ်မြောက်ချင်ကြောင်း၊ ယခုအကြိမ်သည် မိမိအတွက် ပထမဦးဆုံးအကြိမ် စာသင်ကြားရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ လူကြီးများကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ကျိုင်းတုံမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာများတွင် စာသင်ဝိုင်း ၈၅ ဝိုင်းရှိပြီး အခြေခံပညာမှ ဆရာ ဆရာမ ၈၅ ဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၈၅ ဦး၊ ကြီးကြပ်သူ ၁၄ ဦးတို့ဖြင့် စာသင်ကြားလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ) **မောင်မောင်နိုင်(iprd)**

လုပ်ဆောင်ကြမည်ဟု မျှော်လင့်ရကြောင်း ထပ်လောင်းပြောကြားသည်။

တရုတ်အစိုးရသည် နိုင်ငံတကာရှာဖွေရေးအဖွဲ့များကို အားဖြည့်တင်းရန် ၎င်းတို့ဘက်မှသင်္ဘော ၁၀ စင်းနှင့် လေယာဉ်ပျံများကို စေလွှတ်ခဲ့ပြီးဖြစ်သည့်အပြင် တရုတ်ကုန်သည်သင်္ဘောအစင်း ၆၀ ကျော်နှင့်အိန္ဒိယသမုဒ္ဒရာ၌ ငါးဖမ်းရှာထွက်သော ငါးဖမ်းသင်္ဘော အစင်း ၂၀ ကို လေယာဉ်ရှာဖွေရေးတွင် ပါဝင်ကူညီရန် တိုက်တွန်းထားသည်။

တရုတ်တို့အနေဖြင့် လေယာဉ်ရှာဖွေရေးတွင်စွမ်းစွမ်းတမံပါဝင်ရန် ဩစတြေးလျ၊ မလေးရှားနိုင်ငံများရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သကဲ့သို့ စုံစမ်းစစ်ဆေးမှုများကိုလည်း စနစ်တကျပြုလုပ်သွားမည်ဟု ဝန်ကြီးချုပ်လီကာချင်က ဆိုသည်။

ထို့အတူ ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဗော့ကလည်း မိမိတို့နိုင်ငံသည် တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပျောက်ဆုံးလေယာဉ်ရှာဖွေရေး လုပ်ငန်းကို အကောင်းဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မလေးရှားရဲတပ်ဖွဲ့က လေယာဉ်ပျောက်ဆုံးမှုတွင် ခရီးသည်များပါဝင်ပတ်သက်မှုလုံးဝမရှိကြောင်း အတည်ပြုပြောကြားခဲ့သကဲ့သို့ ဩစတြေးလျ အာဏာပိုင်များကလည်း ရာသီဥတုဆိုးရွားမှုနှင့် စိတ်ချရသောသတင်းအချက်အလက်များမရရှိမှုတို့ကြောင့် ရှာဖွေရေးလုပ်ငန်းများ ကြန့်ကြာနှောင့်နှေးရခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ **(ရိုက်တာ/ဆင်ဟွာ)**

ပြည်တွင်းသတင်း

မြောက်ဦးမြို့နယ်ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဟိုတယ်လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအား မတ် ၃၀ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်မြောက်ဦးဟိုတယ်၌ တွေ့ဆုံပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒုတိယဝန်ကြီးသည် မတ် ၃၀ ရက်က စစ်တွေမြို့ ကမ်းနားဟိုတယ် (Strand Hotel)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

ယာယီရဲမှူး ဦးဟန်ဝင်းမောင်တို့နှင့်အတူ ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။

ယခု သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ၊ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သော အမျိုးသားရေးတာဝန် ဖြစ်သည့်အပြင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်နိုင်ရန် ကုလသမဂ္ဂလူဦးရေနှင့်ရန်ပုံငွေအဖွဲ့နှင့်အတူ အခြားအလှူရှင်နိုင်ငံများကလည်း နည်းပညာနှင့်ငွေကြေးအကူအညီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

❀ ***ရှေ့ဖုံးမှ***

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အိမ်ထောင်စု ၆၉၈၈၄၊ ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၈၇၀၁၄၊ နေပြည်တော်ကောင်စီတွင် အိမ်ထောင်စု ၄၇၀၁၄ စုစုပေါင်းအိမ်ထောင်စု ၂၀၃၅၀၀၁ စု ကောက်ယူပြီးစီးပြီဖြစ်ပါသည်။

၃။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ကူညီလျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ရက်စွဲ။ ၂၀၁၄ ခုနှစ် ဧပြီလ ၂ရက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်ဟုန်ကျေးရွာ အုပ်စု ပါလင်ရွာတွင် ရှမ်းဘာသာပြန်ဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိစဉ်။ မောင်မောင်နိုင် (iprd)

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် မတ် ၃၀ ရက်မှ စတင်၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက် ၆ ရက်ကွက်နှင့် ကျေးရွာ ၂၆၁ ရွာတို့တွင် ကောက်ကွက်ပေါင်း ၄၆၅ ကွက် အဖွဲ့အစည်း ၁၁ ခုတို့၌ စာရင်းကောက် ၄၆၅ ဦး စာရင်းစစ် ၁၂၃ ဦးတို့ဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူနေစဉ်။

မင်းမင်းလတ်(ရှုပဗေဒ)

ကမ္ဘာ့အော်တစ်ဇင်အမှတ်တရနေ့ကို မြန်မာအော်တစ်ဇင်ကလေးများကျင်းပ

ရန်ကုန် ဧပြီ ၂

အော်တစ်ဇင် ကလေးငယ်များအား သနား၍ ပေးကမ်းခြင်းထက် သူတစ်ပါးအပေါ် အမှီအခိုနည်းနိုင်သမျှနည်းစွာရပ်တည်နိုင်ရေးဝိုင်းဝန်းကူညီကြရန် ရည်ရွယ်ပြီးအော်တစ်ဇင်ကလေးငယ်များနှင့် မိဘများအတွက် World Autism Awareness Day ကို မြန်မာအော်တစ်ဇင်အသင်း (ရန်ကုန်)က ဧပြီ ၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပခဲ့သည်။

အော်တစ်ဇင်ကလေးများသည် လူတစ်ဦး၏စွမ်းဆောင်ရည်တချို့နှင့်ဆိုင်သော ဖွံ့ဖြိုးမှုများမညီမျှခြင်း (သို့မဟုတ်)မသန်စွမ်းခြင်းတို့ကြောင့် လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေး၊ ပြောဆိုဆက်သွယ်ရေးနှင့် တွေးခေါ်မြော်မြင် ဖန်တီးနိုင်သော စွမ်းရည်များ ချို့ယွင်းအားနည်းသဖြင့် ၎င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် အခြားသူများအပေါ် အနည်းနှင့်အများ မှီခို၍ အသက်ရှင်နေထိုင်ရသော အခြေအနေမျိုးဖြစ်သည်ဟု သိပ္ပံပညာရှင်နှင့် သုတေသနပညာရှင်များက သတ်မှတ်ထားကြသည်။

"အော်တစ်ဇင်က ရောဂါတစ်ခု မဟုတ်ပါဘူး။ သူတို့ရဲ့အမူအကျင့်အချို့နဲ့ ပေါင်းသင်းဆက်ဆံရေးတွေမှာ ချို့ယွင်း အားနည်းချက်တွေရှိနေတဲ့ ပြဿနာတစ်ခုပါ။ သူတို့မှာ ရုပ်ရည်ရူပကာအရလည်း ချို့ယွင်းချက်မရှိဘူး။ မသန်စွမ်းမှုဆိုင်ရာလည်း မရှိဘူး။ ကမ္ဘာပေါ်မှာ ဒီကလေးတွေအရေးကို အားလုံးက မေ့လျော့နေကြတယ်။ အခုဆိုရင် ကလေးတစ်ရာမှာ တစ်ယောက်က အော်တစ်ဇင်လက္ခဏာဖြစ်နေပြီး အော်တစ်ဇင်ဖြစ်ပွားသူပေါင်း ကမ္ဘာမှာ ခြောက်ဆယ့်ခုနစ်သန်းနီးပါးရှိနေတယ်" ဟု မြန်မာအော်တစ်ဇင်အသင်း၏ ဥက္ကဋ္ဌ ကလေးအထူးကု ဆရာဝန်ဒေါက်တာမြင့်လွင်က ပြောကြားသည်။

အော်တစ်ဇင်အား လုံးဝပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆေးဝါးကုထုံးမရှိသေးပေ။ ဆောလျင်စွာသိရှိပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးပါက တိုးတက်ကောင်းမွန်နိုင်ပြီး အော်တစ်ဇင်ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များမှ တိကျခိုင်လုံသောအဖြေကို ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း မြန်မာနိုင်ငံအော်တစ်ဇင်အသင်း(ရန်ကုန်)၏ နာယက ပါမောက္ခ ဒေါက်တာဉာဏ်ဝင်းကျော်ထံမှ သိရသည်။

ယနေ့ပြုလုပ်သော World Autism Awareness Day အခမ်းအနားတွင် အထူးပညာသင်ကျောင်းများမှ အော်တစ်ဇင်ကလေးငယ်များ၏ ဖျော်ဖြေပွဲ၊ စွမ်းရည်ပြပွဲ၊ အော်တစ်ဇင်ကလေးငယ်များ၏ လမ်းလျှောက်ပြိုင်ပွဲ အစီအစဉ်များပါဝင်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဇော်မိုး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ အလှူရှင်များနှင့် အော်တစ်ဇင်ကလေးငယ် ၁၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

၂၀၀၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အော်တစ်ဇင်ကလေးငယ်များ ကမ္ဘာတွင်များပြားလာပြီး ယင်းကလေးငယ်များ အရေးကိစ္စကို တစ်ကမ္ဘာလုံးရှိအစိုးရများ၊ ပြည်သူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ သိရှိလာစေရန် ရည်ရွယ်၍ ဧပြီ ၂ ရက်ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အော်တစ်ဇင်နေ့ အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပခဲ့သည်။

(သတင်းစဉ်)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၇၇၉၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၅၇၂၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

အောက်စာရင်းပါ ကွန်ဒိုတိုက်ခန်းအား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဒေါ်ငွေငွေဝင်း ၉/မခန(နိုင်)၀၁၅၁၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင် ဝယ်ယူရန် သဘောတူစရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်အရေးဆို အငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တိုက်အမှတ် (၄၄၁)၊ (လေးလွှာ)တွင်ရှိသော အခန်းအမှတ်-၃C၊ ၁၅၀၇ စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ (တိုက်ခန်းတွင် တပ်ဆင်ပါရှိသည့် ပစ္စည်းပစ္စယများနှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများအပါအဝင်) အကျိုးခံစားခွင့်အရပ်ရပ်။

ဦးမျိုးဟန်	ဦးလှမင်း	ဒေါ်ခင်မာလာကြည်
(စဉ်-၁၇၅၁)	(စဉ်-၃၀၉၉)	(စဉ်-၃၉၆၈)

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ(၁၄၊၁၅၊၁၆)၊ မြေကွက်အမှတ် ၃၇၁၏ အစိတ်အပိုင်း ၃၇၁/A ၊ မြေကွက်တည်နေရာအမှတ် ၆၈၅/က၊ ၁၀လမ်းတောင်၊ အင်းစိန် ဦးထွန်းရင်ထံမှ လိုင်စင်မြေအား အမည်ပေါက် ဦးထွန်းရင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဧရိယာပေ(၃၂/ ၂၉ ×၅၅)အား ဝယ်ယူထားသူ ဦးတင်အေး ၁၂/ကမရ(နိုင်)၀၄၂၅၂၇က အမည်ပေါက် ဦးထွန်းရင်နှင့် ဆက်စပ်စာချုပ်မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးမင်းကျော် ၁၂/လသန(နိုင်)၀၁၆၆၀၆ ၏ ID No.709568(25-4-2013), IMPORT PERMIT No.ISP IDV8/13-14/2579 (23-4-2013),B/L No.OSYGF7348များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးမျိုးမင်းကျော်
ဖုန်း-၅၆၅၄၉၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်/မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၂၁၄၊ ၇-လွှာ(ခြေရင်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန်သူ ဒေါ်အုန်းကြင် ၁၂/အလန(နိုင်)၀၃၀၆၉၆၏ ဆက်ခံသူသမီးများဖြစ်သော ဒေါ်သိန်းသိန်းလှ ၁၂/အလန(နိုင်)၀၃၀၇၅၃၊ ဒေါ်တင်တင်အုန်း ၁၂/အလန(နိုင်)၀၃၀၇၅၂တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ကိုကိုထူး ၁၂/စခန (နိုင်)၀၆၄၈၆၇ ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြသန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၉၇)
အမှတ် ၆၅၇၊ နွယ်သာကီ (၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၃၄၈၃၄

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် ၃၂၅နေ ဦးစံဝင်း-ဒေါ်ခင်ခင်ထွေးတို့၏ သမီး မခိုင်ဇာလင်း ၁၀/မလမ(နိုင်)၁၃၀၇၁၂ သည် မိဘ၊ မောင်နှမများအား ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစံဝင်း-ဒေါ်ခင်ခင်ထွေး

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆိုင်ကယ်များ တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်းသည် ယခုနောက်ဆုံးအကြိမ်ဖြစ်

မိတ္ထီလာ ဧပြီ ၂

ယခုတစ်ကြိမ် မော်တော်ဆိုင်ကယ်များအား တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်ကြောင်း၊

သတ်မှတ်ကာလအတွင်း ယာဉ်လိုင်စင် ပြုလုပ်ဆောင်ရွက်ပေးပြီး နောက် တရားမဝင် မော်တော်ဆိုင်ကယ်များစီးနင်းသည်ကို စစ်ဆေးတွေ့ရှိပါက ယာဉ်များသိမ်းဆည်းပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တရားဝင် မော်တော်ဆိုင်ကယ် ယာဉ်လိုင်စင်များပြုလုပ်ပေးရာတွင် ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် အခက်အခဲများကြုံတွေ့ပါက တင်ပြနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးသည် ယနေ့ နံနက် ၁၁ နာရီက မိတ္ထီလာမြို့ ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) ရုံးတွင် ဒေသခံပြည်သူများ၏ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးနေသည့် နေရာသို့ သွားရောက်ကြည့်ရှုအားပေးစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါဝင်ဆောင်ရွက်နေ

တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးသည့်လုပ်ငန်းတွင် ကညန၊ အခွန်ဦးစီးဌာန၊ အာမခံဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့က ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မိတ္ထီလာတွင် တရားမဝင် မော်တော်ဆိုင်ကယ်များကို ရုံးဖွင့်ရက်များတွင် နေ့စဉ် တရားဝင်ယာဉ်လိုင်စင်များ ပြုလုပ်ပေးလျက်ရှိရာ နေ့စဉ်ပျမ်းမျှ စီးရေ ၁၀၀ ခန့် ပြုလုပ်ပေးနိုင်ပြီး ယခုအချိန်ထိ မော်တော်ဆိုင်ကယ်စီးရေ ၂၀၀၀ ကျော်ကို တရားဝင်ယာဉ်လိုင်စင်များ ပြုလုပ် ပေးပြီးဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သဘာဝအတိုင်းရှိသည့် ရေပူစမ်း အဆင့်မြှင့်ရန်လို

တောင်ငူ ဧပြီ ၂

ကရင်ပြည်နယ် လိပ်သိုမြို့နယ် သံမိုးတောင်အနီးရှိ တောင်ငူမြို့၏ ၂၂ မိုင် ၆ ဖာလုံအကွာတွင် တည်ရှိသော ရေပူစမ်းသည် သဘာဝအတိုင်း ဖြစ်ပေါ်နေသည်။ ၄င်းရေပူစမ်းသည် တောတောင်သဘာဝ သာယာလှပပြီး ၁၂ လရာသီပတ်လုံး အေးချမ်းစွာ တည်ရှိနေသည်။ နိုင်ငံခြားသားများ၊ ခရီးသွားဧည့်သည်များ တစ်ခါတစ်ရံ လာရောက်လည်ပတ်ကြသည်။

ဒေသခံ ခရစ်ယာန်ဘာသာဝင်များ၏မယ်တော်ပွဲနေ့တွင် အထူးစည်ကားပြီးအနီးအနား ပတ်ဝန်းကျင်ရှိ ဒေသခံများသည် ညနေပိုင်းတွင် ရေလာချိုးခြင်း၊ ခြေလက်မျက်နှာဆေးကြောခြင်းများကို ပြုလုပ်ကြသည်။

ယင်း သဘာဝရေပူစမ်းသည် လက်ရှိအနေအထားတွင် ၁၀ ပေ ပတ်လည်သာရှိပြီး ကွန်ကရစ်ကျောက်တုံးများဖြင့် ရေကန်ပတ်လည်ကို စီထားသည်။ အဆိုပါရေပူစမ်းတွင် အဆင့်မီစွာအပန်းဖြေနိုင်ရန် ရေစိမ်ခြင်း၊ ရေကူးခြင်းများ ပြုလုပ်နိုင်ရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် လိုအပ်လျက်ရှိသည်။

ယင်းရေပူစမ်းကို ရေညှိများ၊ အမှိုက်များရှင်းလင်းပြီး ထိန်းသိမ်းထားသူ နော်နောထူးက "ဒီရေပူစမ်းကို ဆောင်းတွင်းဆိုရင် လူတွေလာကြတယ်။ တချို့ဆိုဆေးဖက်ဝင်လို့ သောက်သုံးသူတွေလည်း ရှိတယ်၊ ဒီရေကိုချိုးလိုက်တာနဲ့ ကိုယ်လက်ကိုက်တာတွေ အကြောအခြင်တွေ ပြေတယ်တဲ့၊ အကြောရောဂါခံစားရသူတွေ အသက်ကြီးရွယ်အိုတွေအတွက် စိမ်ကန်တွေလုပ်ပေးချင်တယ်၊ ဒီမှာက ဝင်ကြေးမရှိဘူး၊ ၂၄ နာရီလာလို့ရတယ်၊ အလှူခံပုံးတော့ ထားပေးထားတယ်" ဟု ရှင်းပြသည်။ ထို့ကြောင့် ခရီးသွားဧည့်သည်များအတွက် အပန်းဖြေစရာနေရာကောင်း တစ်ခုဖြစ်ပြီး အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်လျှင် ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး စက်ရေတွင်းတူး

ဂန့်ဂေါ ဧပြီ ၂

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် မြောက်ခင်ရန်းကျေးရွာအုပ်စု ရွှေမြစ်သာ ကျေးရွာတွင် လေးလက်မအချင်းရှိ စက်ရေတွင်းဖော်ခြင်းလုပ်ငန်းကို ဌာနခွင့်ပြုငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာမှာ မြစ်ချောင်းများနှင့်ဝေးပြီး သောက်သုံးရေရှားပါးသည့် ကျေးရွာတစ်ရွာဖြစ်သည့်အတွက် စက်ရေတွင်းတူးဖော်ပြီးစီးပါက ကျေးရွာနေပြည်သူများ သောက်သုံးရေကို ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၀၁)

ကျန်းမာရေး အခမဲ့စောင့်ရှောက်ပေး

ခန္တီး ဧပြီ ၂

ခန္တီးမြို့ရှိ အသက် ၆၀ အထက် အဘိုးအဘွားများအား ရန်ကင်းတောင် သာသနာ့ကုန်းမြေတွင် အပတ်စဉ် စနေနေ့တိုင်း အခမဲ့ ကျန်းမာရေးစောင့်ရှောက် ကုသပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ဝေနေယျပါလ လူမှုကူညီရေးအသင်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချန်လော(iprd)

ဓာတ်အားခွန်နှုန်းထားပြင်ဆင်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

အောင်လံ ဧပြီ ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို နံနက် ၁၀ နာရီက အောင်မြေရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(စီမံ)ဦးတင့်ဝေက လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်နေရသောလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(၁၁၉)

နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမရာထူးများတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph.D ဘွဲ့ရသူများ (အသက် ၄၀ နှင့်အောက်)။
(ဂ) MA / M.Sc ဘွဲ့ရသူများ၊ (အသက် ၃၅ နှစ်နှင့်အောက်)။
(ဃ) B.A /B.Sc ဘွဲ့ရသူများ (အသက် ၃၀ နှင့်အောက်)။

၂။ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ခုနှစ် ဇွန် ၁ ရက် နောက်ဆုံးထားတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ခုနှစ် ဇွန် ၁ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၅-၄-၂၀၁၄ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၃၀-၄-၂၀၁၄ရက် ညနေ ၄း၀၀ နာရီနောက်ဆုံးထား၍ မိမိတို့ ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ၆-၅-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်။

၆။ ၁၀-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၁၅-၅-၂၀၁၄ ရက် ၀၉း၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

CLAIMS DAY NOTICE

M.V IMARI VOY:NO(V.15)

Consignees of cargo carried by M.V IMARI Voy: No. (V.15) are here by notified that the vessel will arrive on about 05-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Bio & Normal Nucleus	၁၁ မျိုး
(ခ)	လောင်းလိုင်းသုံးပစ္စည်း	၁၀ မျိုး
(ဂ)	Oyster X-Ray Machine	၁ စုံ
(ဃ)	Digital Balance	၃ လုံး

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃-၅-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၄-၄-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

စားသောက်ဆိုင်လုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။	စားပွဲထိုး(ကျား/မ)	၂၀ ဦး
၂။	ဧည့်ကြို(ကျား/မ)	၄ ဦး
၃။	မီးဖိုချောင်အကူ(ကျား/မ)	၂ ဦး
၄။	သန့်ရှင်းရေး(ကျား/မ)	၄ ဦး
၅။	လုံခြုံရေး(ကျား)	၃ ဦး

လျှောက်ထားလိုသူများသည် ၁၀-၄-၂၀၁၄ ရက်နောက်ဆုံးထား၍
(က) ကိုယ်ရေးရာဇဝင်အကျဉ်း
(ခ) မှတ်ပုံတင်မိတ္တူ(မူရင်း)
(ဂ) ရပ်ကွက်ထောက်ခံစာ(မူရင်း)
(ဃ) ရဲစခန်းထောက်ခံစာ(မူရင်း)
(င) လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

အမှတ် ၂၈/B၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၁-၅၅၅၅၃၉၊ ၀၉-၃၀၂၂၄၄၃၈၊ ၀၉-၄၂၁၀၇၄၂၇၆

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကြာကန်ကျေးရွာ ကျောက်တလုံးကွင်း၌ မတ် ၃၁ ရက်က လေးကျွန်းထိပ်တင် သိဒ္ဓိရှင်စေတီတော်သစ် တည်ကြ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားပြုလုပ်ရာ အလှူရှင်များနှင့် ဒေသခံပြည်သူများက ရွှေထီးတော်တင်လှူကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာ့နှစ်သစ်ကူးကာလအနီး ကားဈေးကွက် လှုပ်ခတ်လာ

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ မော်တော်ယာဉ်ဈေးကွက်အတွင်း ရန်ကုန်လိုင်စင်အငှားယာဉ်များ အရောင်းအဝယ်မြင့်တက်လာကာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် စလစ်ဈေးနှုန်းများ ကျဆင်းလာသည့်အတွက် အရောင်းအဝယ်လှုပ်ခတ်လာခဲ့ကြောင်း မင်းရဲကျော်စွာနှင့် သီရိမင်္ဂလာဈေးဟောင်းကားဈေးကွက်အတွင်းမှ သိရသည်။

ယခင်က တည်ငြိမ်လျက်ရှိသော ကားဈေးကွက်မှာ နှစ်သစ်ကူးနီးကပ်လာချိန်တွင် အပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်ခြင်း ဖြစ်သည်။ ရန်ကုန်လိုင်စင်အမည်ပေါက် တက္ကစီများ အဝယ်လိုက်လာပြီး ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့် 'အ'အက္ခရာများ လက်ကျန်နည်းပါးသဖြင့် စလစ်ဈေးမှာ တစ်စီးလျှင် ငွေကျပ်ခြောက်သိန်းဝန်းကျင်အထိ ကျဆင်းလာနေကြောင်း သီရိမင်္ဂလာဈေးရှိ ကားဝယ်ရောင်းလုပ်ကိုင်သူ တစ်ဦးကပြောသည်။

"ကားဈေးကွက်က မတ်လအကုန်မှာ တော်တော်လေး လှုပ်ခတ်လာတယ်။ ရန်ကုန် လိုင်စင်တက္ကစီတွေ အဝယ်လိုက်လာပြီး ရောင်းသူရှားလာတယ်။ စလစ်ဈေးကလည်း ကျနေတယ်။ ရန်ကုန်လိုင်စင်တက္ကစီက ငွေကျပ် သိန်း ၁၀၀ နဲ့အထက်မှာရှိနေတယ်"ဟု ရန်ကုန်ကားဈေးကွက်မှ ဝယ်ရောင်း ကိုအောင်သန်းဝင်းက ဆိုသည်။

မန္တလေးနှင့် ဧရာဝတီစသည့် လိုင်စင်တက္ကစီများမှာ ရန်ကုန်မြို့တွင်း ပြေးဆွဲခွင့်ပြုရန် ကန့်သတ်ခြင်းများကြောင့် ရန်ကုန်တက္ကစီများဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ပြီး တက္ကစီအများစုမှာ ပရိုဘောက်စ်များဖြစ်ကြသည်။ "နယ်ကားဆိုရင် ပရိုဘောက်စ်ကငွေကျပ်သိန်း ၈၀ကျော်နဲ့ အရောင်းအဝယ်ဖြစ်တယ်။ ရန်ကုန်လိုင်စင်ဆိုရင်တော့ ငွေကျပ်သိန်း ၁၀၀နဲ့ အထက်မှာရှိတယ်။ ဒါတောင် အလိုရှိသလောက်ဝယ်ဖို့ ရှားတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ တစ်ဦးကပြောကြားသည်။

ထို့အပြင် 'အ'အက္ခရာစလစ်ဈေးမှာ ယခင်က ငွေကျပ်သိန်း၁၁၆သိန်းမှ ငွေကျပ်သိန်း၁၁၀ အထိ ဈေးကျဆင်းသွားပြီး 'အ'အက္ခရာလက်ခံမှုတွင်လည်း အက္ခရာအစီးရေ နည်းနည်းသာ ကျန်ရှိတော့ကြောင်း၊ မီးလောင်မှုတွင် နာမည်ကြီးသော တိုယိုတာ ပရိုဘောက်စ်စပ်စီများလည်း အဝယ်လိုက်လာလျက်ရှိပြီး ပရိုဘောက်စ်စပ်စီမှာ ငွေကျပ် သိန်း ၁၃၀ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြည်မင်းညို

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၅၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၁၆၉၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၅၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၈၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၀၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၅၀-၉၆၃
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၄-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၄-၁၅.၇
တရုတ်	တစ်ယွမ်	ကျပ် ၁၅၉-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၂-၃၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်(ဧည့်သာအသစ်)	တစ်အိတ်	၁၆၀၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၈၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၅၀၀-၂၇၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၉၂
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၇၅-၄၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၆၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၈၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၀၀-၅၇၀
ရေတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀
ရေတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၈၇၀-၉၁၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံတင်ပြသည်။

အာဆီယံ အကြီးအကဲများ ဖိုရမ် မေလအတွင်း ကျင်းပမည်

နေပြည်တော် ဧပြီ ၂

ASEAN Leadership forum (ALE) ကို မြန်မာ့နိုင်ငံ၌ (၁၁) ကြိမ်မြောက် ASEAN Leadership forum (ALE)ကို အာဆီယံထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်၍ မေ ၁၁ ရက် ညနေပိုင်းတွင်လည်းကောင်း၊ အာဆီယံထိပ်သီး အစည်းအဝေး ကျင်းပပြီး မေ ၁၂ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ASEAN Leadership forum (ALE) မှအာဆီယံ၏ အနာဂတ်မျှော်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံ အစိုးရခေါင်းဆောင်များ၊စီးပွားရေးပညာရှင်များ၊ အတတ်ပညာရှင်များ ပူးပေါင်း၍ အကြံဉာဏ်ကောင်းများ မျှဝေနိုင်ရန်နှင့် ပါဝင်တက်ရောက်သူများအား အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ အာဆီယံ၏ လှုပ်ရှားမှုများနှင့်စည်းချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများကို သိသာစေရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးမည့်ဖိုရမ် တစ်ခုဖြစ်ကြောင်းသိရသည်။

ASEAN Leadership forum သည်အာဆီယံ၏ ဆက်လက်ဆောင်ရွက်သွားရမည့် လမ်းစဉ်များ၊ အနာဂတ်မျှော်မှန်းချက်များနှင့် စပ်လျဉ်း၍ သဘောထားအမြင်များ မျှဝေဖလှယ်နိုင်ရေး ထောက်ပံ့ပေးသော ဖိုရမ်တစ်ခု ဖြစ်သည်။

(၁၁)ကြိမ်မြောက် ASEAN Leadership forum သို့ ယခင်နှစ်များတွင် အဓိကအချက်အလက်များကို ပြောကြားခဲ့ကြသည့် မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ အင်ဒိုနီးရှား နိုင်ငံ ဒုတိယသမ္မတနှင့် ဝါရင့်ဝန်ကြီးများနှင့် ဒေသတွင်း အလုပ်အမှုဆောင် အရာရှိချုပ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခမ်းမော် ၁၃/တကန(နိုင်) ၂၈၉၆၉၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၁၆၅၆၀

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၈/၄၄၃၄၊ Toyota Caldina, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်း ၁၂/ဒဂန(နိုင်)၀၂၂၉၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၃၆၄၉၊ Aung Myin Mon,L/T, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီနု ၁၂/တတန (နိုင်) ၀၅၁၉၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းထက်အောင်၁၄/ကကန(နိုင်)၁၄၈၆၇၉၏နိုင်ငံကူးလက်မှတ် အမှတ် M-၉၃၅၈၂၈သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၅၅၄၅၄၆**



မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာ၊ အလယ်တန်းကျောင်းခွဲ၊ စတုတ္ထတန်းမှ မောင်ဘုန်းမြတ်ကျော်သူ၊ ဒုတိယတန်းမှ မောင်ဘုန်းမြတ်ကျော်ထင်နှင့် နေပြည်တော် ရင်သွေးရတနာ မူလတန်းကြိုကျောင်းမှ မောင်ဘုန်းမြတ်ကျော်လွင်တို့၏ မိဘအမည်မှန်မှာ ဦးဝင်းနောင် ၅/ဆလက(နိုင်)၀၃၂၈၃၅နှင့် ဒေါ်ချိုချိုထွန်း ၇/မလန(နိုင်)၀၀၀၆၆၈တို့ ဖြစ်ပါသည်။ **ဦးဝင်းနောင်-ဒေါ်ချိုချိုထွန်း**



မီးသတိပြု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မရမ်းကုန်းမြို့နယ်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ် (၁၁)

တရားလိုများ		တရားပြိုင်များ
၁။ ဦးစောတင်ထွန်းဦး ၂။ ဒေါ်ယဉ်ဇင်သန်း အမှတ် ၃၅၀၊ရွှေနှင်းဆီလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့	နှင့်	၁။ ဦးချစ်လှိုင် ၂။ ဦးချစ်ဖေ ၃။ ဒေါ်ခင် အိမ်အမှတ်(၅/၁၃၃)၊ရွှေနှင်းဆီ ၇လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (အတူနေမိသားစုဝင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၇ လမ်း၊ အမှတ် ၅/၁၃၃ နေ ဦးချစ်လှိုင်၊ ဦးချစ်ဖေ၊ ဒေါ်ခင်(ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစောတင်ထွန်းဦးနှင့် ဒေါ်ယဉ်ဇင်သန်းမှ ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းတို့နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းတို့နှင့်စပ်လျဉ်း၍ အမှုများကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းအမှုနှင့် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းမျိုးညွန့်ဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
မရမ်းကုန်းမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

ထိုင်းလက်ဝှေ့သမား ခြေကန်ချက်ကြောင့် မြန်မာ့ရိုးရာလက်ဝှေ့သမား အသက်ဆုံး

ရေး မေ ၂

မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာ မရမ်းကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလတေဇမဟာထေရ်၊ သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၃ ဝါ၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပရာ မြန်မာနှင့်ထိုင်း ရိုးရာ ငါးချီအထူးလက်ဝှေ့စိန်ခေါ်ပွဲကြီးများကို မေ ၁ ရက် မွန်းလွဲ ၁ နာရီက ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် အလွတ်တန်း မြန်မာချန်ပီယံစောငမန်းနှင့် ရက်ချက်စင်း၊ ဝမ်းစတားနှင့် ဒင်ဖိုစိုင်းတို့ယှဉ်ပြိုင်ထိုးသတ်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် ရွှေတံဆိပ်ဆုရှင် ပဲပြားမောင်မောင်နှင့် စင်ခွန်း(ထိုင်း) အထူးငါးချီစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပထမအချီ၌ စင်ခွန်း(ထိုင်း) လက်ဝှေ့သမား၏ ပြင်းထန်သောထိုးလုံး ထိချက်များမှ ကန်ချက်ကြောင့် ပဲပြားမောင်မောင် နောက်စေ့ဒဏ်ရာများရရှိ၍ ရေးဆေးရုံသို့ ကုသရန်အသွားလမ်းတွင် သေဆုံးသွားကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

စက်သုံးဆီရောင်းဝယ်ရေးဆိုင် မီးလောင်မှုဖြစ်ပွား

ဆိပ်ဖြူ မေ ၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စုအတွင်း တောင်ငယ်လုံးကျေးရွာအနီး ဆိပ်ဖြူ-စလင်း ကားလမ်းမဘေးရှိ အောင်ဇမ္ဗူကျော် စက်သုံးဆီရောင်းဝယ်ရေးဆိုင်မှ မေ ၁ ရက် ည ၇ နာရီ မိနစ် ၄၀ က မီးလောင်မှုစတင်ဖြစ်ပွားသည်။

စတင်ဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရေယာဉ်နှစ်စီး၊ မြို့နယ်သင်္ဂဟလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီးနှင့် ချောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်ငါးစီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီတွင် မီးညွန့်ကျိုးသွားသည်။ မီးလောင်မှုကြောင့် အိမ်ငါးလုံးနှင့် လူ ၁၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး မီးလောင် ဒဏ်ရာရရှိတစ်ဦးအား မြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသပေးလျက်ရှိပြီး စိုးရိမ်ပူပန်မှုမရှိကြောင်းနှင့် ဆီဆိုင်ပိုင်ရှင်အား မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ပင်လည်ဘူး မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်ကျိုင်းအုပ်စု ပင်လောင်းရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ ပင်လည်ဘူးရဲစခန်းမှ ရဲအုပ်မြသောင်းနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ပင်ကျိုင်းအုပ်စု ပင်လောင်းရွာနေ အောင်သန်းမြင့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ဈေးဆိုင် အနောက်ဘက်နွားချေးပုံအတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းမည်းဟုယူဆရသော အလေးချိန် ၁ ဒသမ ၆၃ ဂရမ်ပါတစ်ထုပ် ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ အောင်သန်းမြင့် (၃၄နှစ်) ပင်လောင်းကျေးရွာ ပင်လည်ဘူးမြို့နယ် နေသူအားအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

အခွန်အခွန်ပေးကြလို့
တာဝန်ကိုယ်စီ
ကျေကြစို့

တောစပ်အနီး လူတစ်ဦးဆေးထိုးအပ်ရာများဖြင့် သေဆုံး

ကသာ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် တောင်ဒွန်းကျေးရွာအနီး တောစပ်တွင် လူတစ်ဦး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ညနေ ၅ နာရီတွင် ပင်လည်ဘူးမြို့နယ် တောင်ဒွန်းကျေးရွာအနီး တောစပ်တွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ရဲအုပ်မြသောင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ သီဟန်ထွန်းဆိုသူဖြစ်ပြီး တောင်ဒွန်းရွာ အရှေ့တောင်ဘက် ငါးဖာလုံခန့်အကွာ လယ်ကွင်းအနီးတောစပ်တွင် ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာမရှိဘဲ ယာဘက်တံတောင်ဆစ်တွင် ညိုမည်းပြီး ဆေးထိုးအပ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။

စစ်ဆေးဆောင်ရွက်လျက်ရှိ

သေဆုံးသူ သီဟန်ထွန်း (၃၉ နှစ်) ကျပန်း အောင်ချမ်းသာရပ် ပင်လည်ဘူးမြို့နေသူအား ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးသိရှိနိုင်ရန် ရဲအုပ်မြသောင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပင်လည်ဘူးမြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပုလဲမြို့နယ်တွင် ပဲဆိမ့်ကြော်ဖိုမီးလောင်မှုဖြစ်ပွား

ပုလဲ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မကျည်းကန်ကျေးရွာတွင် မေ ၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဒေါ်ခင်စောဝေ၏ ပဲဆိမ့်ကြော်ဖိုမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပူးပေါင်းငြိမ်းသတ်

ဖြစ်စဉ်မှာ မကျည်းကန်ကျေးရွာနေ ဒေါ်ခင်စောဝေ (၃၆နှစ်)၏ ပဲဆိမ့်ကြော်ဖိုမှ မီးညွန့်သည် ထန်းရွက်မိုးအား ကူးစက်မီးစွဲပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ပြီး ပုလဲမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ယင်းမာပင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်၍ မီးငြိမ်းသတ်ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးကာ မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ပဲဆိမ့်ကြော်ဖိုတဲ အလျား ၂၁ ပေ၊ အနံ ၁၄ ပေရှိ သုံးပင် နှစ်ခန်း ထန်းရွက်မိုး မြေစိုက်တဲတစ်လုံး ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ခင်စောဝေ (၃၆ နှစ်) အား ပုလဲမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စောဝင်း(iprd)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲလျက်ရှိသည့် အမှတ်(၅)အဆန်၊ (၆)အစုန် အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းကုမ္ပဏီများသို့
Open Tender တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့်အကျိုးတူ စင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲနေသည့် အမှတ် (၅)အဆန်၊ (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(စီးပွားရေးဌာန) မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၃-၄-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို တစ်စုံလျှင် ကျပ် ၃၀၀၀ဝိ/-ဖြင့် ၄-၄-၂၀၁၄ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)အမှတ်(၃)တိုင်း-မန္တလေး၊ မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ (စီးပွားရေး)ရုံး မြန်မာ့မီးရထားရုံးချုပ်/နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၅၄တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

(၂၀) နှစ်မြောက် မင်္ဂလာဆုမွန်ရှာ

Grace Gloria Win (9th Grader, ISY)

(၂၀) နှစ်မြောက် မင်္ဂလာဆုမွန်ရှာ

Forever Gems

Jewel Collection Manufacturing Co., Ltd

United GP development

Victorious Gems Co., Ltd (Singapore)

မြန်မာ့ဆက်သွယ်ရေးကွန်ယက် အများပိုင်ကုမ္ပဏီလီမိတက်

နိုင်ငံတကာအားကစားသတင်း

ထိပ်ဆုံးက လက်စတာတို့ အောင်ပွဲခံဦးမယ့် ချန်ပီယံရှစ်ပွဲစဉ်(၃၉)

မိုးမြင့်လင်းလက်

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ် (၃၉) လက်ကျန်ပွဲစဉ်အဖြစ် လက်စတာစီးတီးနဲ့ ရှက်ဖ်ဖီးအသင်းတို့ ဧပြီ ၄ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လက်စတာစီးတီးဟာ တန်းစီဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ အသင်းဖြစ်လို့ ဒုတိယနေရာက ဘန်လေကို ပြတ်သားတဲ့ရမှတ်နဲ့ ဖြတ်ထားဖို့အတွက် ဒီပွဲမှာ ကြိုးစားပါလိမ့်မယ်။ ဒီနှစ်ချန်ပီယံရှစ်မှာ လက်စတာစီးတီးတို့ ခြေစွမ်းပြနိုင်ပြီး ကစားကွက်လည်း တည်ငြိမ်နေတာမို့ ပွဲတိုင်းရလဒ်ကောင်းအောင် အားထုတ်နိုင်စွမ်း ရှိနေပါတယ်။ လက်စတာစီးတီးဟာ ဒီရာသီမှာ ၂၆ ပွဲနိုင်၊ ခြောက်ပွဲသရေနဲ့ ငါးပွဲရှုံးထားတဲ့ မှတ်တမ်းရှိထားပါတယ်။

လက်စတာစီးတီးရဲ့ကစားသမားတွေဟာ အသင်းလိုက် နေရာစုံက စွမ်းအားပြည့်ဝနေပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ အချိတ်အဆက်မိမိ ကစားနိုင်ပါတယ်။ ဒါ့အပြင် လက်စတာစီးတီးတိုက်စစ်မှူးတွေဟာ ပြိုင်ဘက်အသင်းရဲ့ ခံစစ်ကြောင်းကို ရဲရဲဝံ့ဝံ့ထိုးဖောက်တိုက်စစ်ဆင်နိုင်သူတွေဖြစ်ပြီး ဂိုးရအောင် သွင်းယူနိုင်တဲ့သူတွေဖြစ်ပါတယ်။

အထူးသဖြင့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်ပြီး ပြိုင်ဘက်တွေကို အခက်အခဲဖြစ်အောင်လည်း ဖိအားပေးကစားနိုင်သူတွေဖြစ်ပါတယ်။ ရှေ့၊ လယ်၊ နောက်ကစားအားကိုလည်း ဟန်ချက်ညီအောင် လိုက်ပါ ကစားနိုင်သူတွေလည်း ပါဝင်နေတာမို့ အခုပွဲဟာအိမ်ရှင် လက်စတာစီးတီး ပရိသတ်တွေ အောင်ပွဲခံဦးမယ့်ပွဲပါပဲ။

ရှက်ဖ်ဖီးတို့ကတော့ တန်းစီဇယားအဆင့် ၁၄ မှာ ရှိနေပြီး တိုက်စစ်ရော ခံစစ်ပိုင်းပါ အားရစရာတော့ မရှိပါဘူး။ ရှက်ဖ်ဖီးရဲ့ အားနည်းချက်က အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပြီး တိုက်စစ်မှူးတွေ ဂိုးပေါက်လွဲချော်နေတတ်တာ ဖြစ်ပါတယ်။ ရှက်ဖ်ဖီးဟာ ပြီးခဲ့တဲ့ပွဲစဉ် ၃၈ မှာ ဝက်ဖို့ဒ်ကို မိမိကွင်း မိမိပရိသတ်ရှေ့မှာ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရလို့ စိတ်ဓာတ်ပိုင်း ယိမ်းယိုင်နေတာကြောင့် အခုပွဲမှာ လက်စတာစီးတီးကို ခြေရည်တူကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒီပွဲမှာ ရှက်ဖ်ဖီးတို့ အမှတ်ရရှိရေး မမျှော်မှန်းနိုင်ဘဲ ဂိုးမပြတ်ရေးကိုပဲ အာရုံစိုက်ခုခံဖို့ ကြိုးစားရမယ့် အနေအထား ဖြစ်ပါတယ်။ အိမ်ရှင် လက်စတာစီးတီးတို့ သုံးမှတ်အပြည့်ယူမယ့်ပွဲပါပဲ။

ဘာစီကွင်း၌ အက်သလက်တီကိုတစ်ဂိုးစီသရေကစားနိုင်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧပြီ ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့ ယှဉ်ပြိုင်သည့်ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ နှစ်သင်းစလုံး ပွဲစသည်နှင့် ဦးဆောင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကစားခဲ့သော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။ ဒုတိယပိုင်းရောက်မှ နှစ်သင်းစလုံး အပြန်အလှန်ဂိုးများ သွင်းယူခဲ့ကြသည်။

စပိန်လာလီဂါပြိုင်ဘက် နှစ်သင်းအကြား အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၅၆ မိနစ်ရောက်မှ ကော်စတာက အက်သလက်တီကိုအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို ဘာစီလိုနာအသင်းမှ နေမာကပွဲချိန် ၇၁ မိနစ်တွင် ချေပဂိုး သွင်းယူခဲ့သည်။ စပိန်လာလီဂါတွင် ဖလားဆွတ်ခူးရန်ချိန်နေသည့် အက်သလက်တီကိုက အဝေးကွင်းကစားခဲ့ရသော်လည်း ဦးဆောင်ဂိုးသွင်းယူနိုင်ကာ အဝေးကွင်းဂိုးရရှိခဲ့၍ အားသာချက် ရရှိခဲ့သည်။

မန်ယူတို့အိမ်ကွင်း၌ ဘိုင်ယန်မြူးနစ်ကိုသရေကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဖြစ် မန်ယူနှင့် လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်တို့ ဧပြီ ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ပရီမီယာလိဂ်တွင် ဖလားမျှော်လင့်ချက်ဝေးနေသော မန်ယူက အိမ်ကွင်းတွင် ချန်ပီယံဘိုင်ယန်မြူးနစ်ကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းရောက်မှ နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခဲ့သည်။ မန်ယူအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ဗီဒစ်ကခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းဂိုးကို ရှဝိန့်စတိန်ဂါက ပွဲချိန် ၆၇ မိနစ်တွင် ချေပခဲ့သည်။ ဘိုင်ယန် မြူးနစ်အသင်းမှ ပွဲပြီးခါနီးတွင် စတိန်ဂါ အထုတ်ခံရသော်လည်း မန်ယူတို့ နိုင်ပွဲအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ မန်ယူတို့ အိမ်ကွင်းသရေကျထား၍ ဒုတိယအကျော့တွင် အနိုင်ကစားနိုင်ဖို့ ကြိုးစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူရိုပါလိဂ် ပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်များ **ဧပြီ ၄**

အယ်လ်ခမာ	-	ဘင်ဖီကာ	နံနက် ၁း၃၅
လိုင်ယွန်	-	ဂျူဗင်တပ်စ်	နံနက် ၁း၃၅
ဘေဆယ်	-	ဗလင်စီယာ	နံနက် ၁း၃၅
ပေါ်တို	-	ဆီဗီလာ	နံနက် ၁း၃၅

နိုင်ငံတကာခြေစမ်းပွဲ **ဧပြီ ၃**

အမေရိကန်	-	မက္ကဆီကို	နံနက် ၉း၃၀

လိုင်ယွန် Vs ဂျူဗင်တပ်စ်

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပကျော့အဖြစ် ပြင်သစ်မြေတွင် ကစားရမှာ ဖြစ်ပါတယ်။ ပြင်သစ်ကလပ် ထိပ်တန်းအသင်းလိုင်ယွန်က လီဂူးတွင် အဆင့်ငါးမှာ ရပ်တည်နေပြီး ယမန်နှစ်လောက် ခြေစွမ်းတည်ငြိမ်မှု မရှိကာ နောက်နှစ် ယူရိုပါလိဂ်ဝင်ဖို့ ခက်ခဲလျက်ရှိနေပါတယ်။ ပြည်တွင်းလိဂ် နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ကျထားပါတယ်။ ဧည့်သည်အသင်းမှာ စီးရီးအေတွင် ဇယားထိပ်ဆုံးမှာရပ်နေပြီး ဒုတိယနေရာအသင်းကို ၁၁မှတ်ဖြတ်ကာ ဖလားရဖို့နီးစပ်နေပါတယ်။ ပြည်တွင်းလိဂ် နောက်ဆုံး အဝေးကွင်း ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ သူတို့ နှစ်သင်း တွေ့ဆုံမှု ခြေစမ်းပွဲမှာ ဂျူဗင်အိမ်ကွင်းမှာ ၂-၁ နဲ့ နိုင်ထားပါတယ်။ ဂျူဗင်တပ်စ်အသင်းက အသင်းလိုက်ဖွဲ့စည်းမှုကောင်းပြီး ခြေစွမ်းသာကာ တီဗက်ဇ်ကလည်း ဂိုးမြူးနေလို့ ဧည့်သည်ကို အားပေးတာ အသင့်တော်ဆုံးပါ။

အယ်လ်ခမာ Vs ဘင်ဖီကာ

ဟော်လန်မြေမှာ ဧည့်ခံကစားရမယ့်ပွဲဖြစ်ပြီး အိမ်ရှင် အယ်လ်ခမာက ပြည်တွင်းလိဂ် အဆင့်၇ မှာရပ်တည်နေကာ နောက်ဆုံး လိဂ်အိမ်ကွင်းငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး နောက်နှစ်ယူရိုပါလိဂ် ဝင်အောင် ရုန်းကန်နေရတဲ့အသင်းပါ။ ဧည့်သည်က ပေါ်တူဂီ ပြည်တွင်းလိဂ် လီဂါဇွန်တွင် ဇယားထိပ်ဆုံးမှာရပ်နေပြီး အောက်အသင်းကို ၇မှတ်ဖြတ်ထားကာ ဖလားရဖို့ သိပ်မရုန်းရတော့ပါဘူး။ ပြည်တွင်းလိဂ် နောက်ဆုံး အဝေးကွင်းငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ နှစ်သင်းလုံးက ခြေရည် မကွာပေမယ့် ပြည်တွင်းလိဂ်မှာ ရုန်းကန်နေရတဲ့အိမ်ရှင်အနေနဲ့ ဥရောပအစဉ် အလာရှိတဲ့ ဧည့်သည်ဘင်ဖီကာကို ယှဉ်နိုင်ဖို့ကတော့ သိပ်မလွယ်လို့ ဧည့်သည်ပဲ အကြိုက်တွေ့မိပါတယ်။

ချန်ပီယံရှစ် ဧပြီ၂ ဂိုးရလဒ်များ

ဘလက်ဘန်း	၃-၃	ဘရိုက်တန်
လိဒ်	၀-၁	ချာလ်တန်
ဝီဂန်	၂-၂	လက်စတာ

ဥပဒေ

ယမန်နေ့မှအဆက်

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

Description of instrument	Proper Stamp-duty
exceeding kyat 100,000;and	- Kyat 50.
-for every kyat 100,000 or part thereof secured in excess of kyat 100,000.	- Kyat 50.
42. NOTARIAL Act, that is to say, any instrument, endorsement, note, attestation, certificate or entry not being a **PROTEST** (No.50) made or signed by a Notary Public in the execution of the duties of his office, or by any other person lawfully acting as a Notary Public.	- Kyat 1,000.
See also **PROTEST OF BILL OR NOTE** (No.50).	
43.NOTE OR MEMORANDUM sent by a broker or agent to his principal intimating the purchase or sale on account of such principal –	
(a) of any goods exceeding in value kyat 100,000;	- Kyat 50.
(b) of any stock or marketable security exceeding in value kyat 100,000.	Subject to a maximum of kyat 10,000, kyat 15 for every kyat 100,000 or part thereof of the value of the stock or security.
44.NOTE OF PROTEST BY THE MASTER OF A SHIP.	- Kyat 100.
See also **PROTEST BY THE MASTER OF A SHIP** (No.51).	
ORDER FOR THE PAYMENT OF MONEY. *See* **BILL OF EXCHANGE** (No.13).	
45. PARTITION - Instrument of [as defined by section 2(15)].	The same duty as a BOND (No.15) for the amount of the value of the separated share or shares of the property.
N.B.- The largest share remaining after the property is partitioned (or if there are two or more shares of equal value and not smaller than any of the other shares then one of such equal shares) shall be deemed to be that from which the other shares are separated: Provided always that -	
(a) when an instrument of partition containing an agreement to divide property in severalty is executed and a partition is effected in pursuance of such agreement the duty chargeable upon the instrument effecting such partition shall be reduced by the amount of duty paid in respect of the first instrument, but shall not be less than kyat 2,000 ;	
(b) where land is held on Revenue Settlement for a period not exceeding thirty years and paying the full assess -ment, the value for the purpose of duty shall be calculated at not more than five times annual revenue;	
(c) where a final order for effecting a partition passed by any Revenue authority or any Civil Court, or an award by an arbitrator directing a partition, is stamped with the stamp required for an instrument of partition, and an instrument of partition in pursuance of such order or award is subsequently executed, the duty on such instrument shall not exceed kyat 2,000.	
46. PARTNERSHIP –	
A. Instrument of –	
(a) where the capital of the partnership does not exceed kyat 500,000	- Kyat 300.
(b) in any other case … …	- One per centum on such exceeding amount or value

Description of instrument	Proper Stamp-duty	
	in addition to the proper stamp duty under above Clause A(a). Provided that the maximum duty shall be Kyat 100,000.	
B. Dissolution of … …	- Kyat 2,000.	
PAWN OR PLEDGE- *See* **AGREEMENT RELATING TO DEPOSIT OF TITLE DEEDS, PAWN OR PLEDGE** (No.6).		
47. POLICY OF INSURANCE - A.SEA-INSURANCE (see section 7) -	if drawn singly	if drawn in duplicate, for each part
(1) for or upon any voyage -		
(i) Where the premium or consideration does not exceed the rate of ten pya or one-tenth per centum of the amount insured by the policy;	10	10
(ii) in any other case, in respect of every full sum of kyat 100,000 and also any fractional part of kyat 100,000 insured by the policy ;	10	10
(2) for time -		
(iii) in respect of every full sum of kyat 100,000 and also any fractional part of kyat 100,000 insured by the policy -		
- where the insurance shall be made for any time not exceeding six months;	10	10
- where the insurance shall be made for any time exceeding six months and not exceeding twelve months	10	10
B.-FIRE - INSURANCE AND OTHER CLASSES OF INSURANCE, not elsewhere included in this Article, covering goods, merchandise, personal effects, crops, and other property against loss or damage –		
(1) in respect of an original policy-		
(i) when the sum insured does not exceed kyat 500,000;	-Kyat50.	
(ii) in any other case … …	- Kyat 100.	
(2) in respect of each receipt for any payment of a premium on any renewal of an original policy.	One half of the duty payable in respect of the original policy in addition to the amount, if any, chargeable under No.53.	
C.-ACCIDENT AND SICKNESS- INSURANCE -		
(a) against railway accident valid for a single journey only,	- Kyat 10.	
Exemption.		
When issued to a passenger travelling by the intermediate or the third class in any railway.		
(b) in any other case, in respect of every full sum of kyat 100,000 and also any fractional part of kyat 100,000 insured by the policy,	- Kyat 30. Provided that in case of a policy of insurance against death by accident, when the annual premium payable does not exceed 500 kyat per K 100,000 the duty on such instrument shall be 30 kyat for every K 100,000 or part thereof of the maximum amount which may be come payable under it.	
C.-INSURANCE BY WAY OF INDEMNITY against Liability to pay damages on account of accidents to workmen employed by or under the insurer or against liability to pay compensation under the Workmen's Compensation Act, 1923, for every kyat 100,000 or part thereof payable as premium.	if drawn singly (Kyat)	if drawn in duplicate, for each part
	10	
D.-LIFE INSURANCE OR OTHER INSURANCE NOT SPECIFICALLY		

Description of instrument	Proper Stamp-duty	
PROVIDED FOR, except such a **RE-INSURANCE** as is described in Division E of this Article -		
(i) for every sum insured not exceeding kyat 25,000;	10	10
(ii) for every sum insured exceeding kyat 25,000 but not exceeding kyat 50,000	20	10
(iii) for every sum insured exceeding kyat 50,000, but not exceeding kyat 100,000 and also for every kyat 100,000 or part thereof in excess of kyat 100,000.	30	10
Exemption.		
Policies of life-insurance granted in accordance with the rules for Postal Life- insurance.		
E.-RE-INSURANCE BY AN INSURANCE COMPANY, which has granted a POLICY of the nature specified in Division A or Division B of this Article with another company by way of indemnity or guarantee against the payment on the original insurance of a certain part of the sum insured thereby.	One quarter of the duty payable in respect of the original insurance but not less than kyat 10 or more than kyat 50.	
General Exemption.		
Letter of cover or engagement to issue a policy of insurance:		
Provided that, unless such letter or engagement bears the stamp prescribed by this Act for such policy, nothing shall be claimable thereunder, nor shall it be available for any purpose except to compel the delivery of the policy therein mentioned.		
48.POWER-OF-ATTORNEY [as defined by section 2(21)] not being a **PROXY** (No.52) -		
(a) when executed for the sole purpose of procuring the registration of one or more documents in relation to a single transaction or for admitting execution of one or more such documents;	- Kyat 100.	
(b) when required in suits or proceedings;	- Kyat 100.	
(c) when authorizing one person or more to act in a single transaction other than the case mentioned in clause(a) ;	- Kyat 300.	
(d) when authorizing not more than five persons to act jointly and severally in more than one transaction or generally;	- Kyat 1,000.	
(e) when authorizing more than five but not more than ten persons to act jointly and severally in more than one transaction or generally ;	- Kyat 2,500.	
(f) when given for consideration and authorizing the attorney to sell any immoveable property;	The same duty as a CONVEYANCE (No.23) for the amount of the consideration.	
(g) in any other case … …	Kyat 800 for each person authorized. **N.B.-** The term “registration” includes every operation incidental to registration under the Registration Act, 1908.	
Explanation. – For the purposes of this Article more persons than one when belonging to the same firm shall be deemed to be one person.		
49.PROMISSORY NOTE[as defined by section 2(22)] –		
(a) when payable on demand -	- kyat 50.	
(i) when the amount or value does not exceed kyat 25,000;		
(ii) when the amount or value exceeds kyat 25,000 but does not exceed kyat 100,000;	- kyat 100.	

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

Description of instrument	Proper Stamp-duty
(iii) in any other case ……	- Kyat 150.
(b) when payable otherwise than on demand.	The same duty as a BILL OF EXCHANGE (No.13) for the same amount payable ot herwise than on demand.
50. PROTEST OF BILL OR NOTE, that is to say, any declaration in writing made by a Notary Public or other person lawfully acting as such, attesting the dishonour of a bill of exchange or promissory note.	- Kyat 250.
51. PROTEST BY THE MASTER OF A SHIP, that is to say, any declaration of the particulars of her voyage drawn up by him with a view to the adjustment of losses or the calculation of averages, and every declaration in writing made by him against the charterers or the consignees for not loading or unloading the ship, when such declaration is attested or certified by a Notary Public or other person lawfully acting as such. See also **NOTE OF PROTEST BY THE MASTER OF A SHIP** (No.44).	- Kyat 250.
52. PROXY empowering any person to vote at any one meeting of (a) members of an incorporated company or other body corporate whose stock or funds is or are divided into shares and transferable, (b) a local authority, or (c) proprie - tors, members or contributors to the funds of any institution.	- Kyat 50.
53. RECEIPT as [defined by section 2(23)] for any money or other property the amount or value of which exceeds kyat 5,000.	- Kyat 5.
Exemptions.	
RECEIPT –	
(a) endorsed on or contained in any instrument duly stamped or any instrument exempted under the proviso to section3 (instruments executed on behalf of the Government) or any cheque or bill of exchange payable on demand acknowledging the receipt of the consider-ation-money there in expressed, or the receipt of any principal money, interest or annuity, or other periodical payment thereby secured ;	
(b) for any payment of money without consideration ;	
(c) for any payment of rent by a cultivator on account of land assessed to Govern - ment revenue ;	
(d) for pay or allowances by noncommissioned officers, soldiers, or airmen of the Myanmar Military, Naval or Air Forces, when serving in such capacity.	
(e) given by holders of family-certificates in cases where the person from whose pay or allowances the sum comprised in the receipt has been assigned is a non-commissioned officer, soldier, or airman or any of the said forces and serving in such capacity ;	
(f) for pensions or allowances by persons receiving such pensions or allowances in respect of their service as such noncommissioned or petty officers, soldiers, sailors or airmen and not serving the Government in any other capacity;	
(g) given by any administrator of a village tract for land-revenue or taxes collected by him;	
(h) given for money or securities for money deposited in the hands of any banker, to be accounted for. Provided that the same is not expressed to be received of, or by the hands of, any other than the person to whom the same is to be accounted for: provided also that this exemption shall not extend to a receipt or acknowledgement for any sum paid or deposited for or upon a letter of allotment of a share, or in respect of a call upon any scrip or share of or in any incorporated company or other body corporate, or such proposed or intended company or body, or in respect of a debenture being a marketable security.	
See also **POLICY OF INSURANCE** [No.47-B(2)].	
54. RECONVEYANCE of mortgaged property or instrument of extinguishment of a mortgage.	Subject to the maximum of kyat 10,000 the same duty as a **CONVEYANCE** (No.23) for the amount of the consideration for the mortgage.
55. RELEASE, that is to say, any instrument (not being such a release as is provided for by section 23 A or article No.54) whereby a person renounces a claim upon another person or against any specified property –	
(a) if the amount or value of the claim does not exceed kyat 150,000;	The same duty as a **BOND** (No.15) for such amount or Value as set forth in the RELEASE.
(b) in any other case.	- kyat 2,500
56. RESPONDENTIA BOND, that is to say, any instrument securing a loan on the cargo laden or to be laden on board a ship and making repayment contingent on the arrival of the cargo at the port of destination.	The same duty as a **BOND** (No.15) for the amount of the laon secured.
REVOCATION OF ANY TRUST OR SETTLEMENT. See **SETTLEMENT** (No.58), **TRUST** (No.64).	
57. SECURITY-BOND OR MORTGAGE-DEED executed by way of security for the due execution of an office, or to account for money or other property received by virtue thereof or executed by a surety to secure the due performance of a contract -	
(a) when the amount secured does not exceed kyat 150,000;	The same duty as a **BOND** (No.15) for the amount of the secured.
(b) in any other case … …	- kyat 2,500.
Exemptions.	
Bond or other instrument, when executed -	
(a) by any person for the purpose of guaranteeing that the local income derived from private subscriptions to a charitable dispensary or hospital or any other object of public utility shall not be less than a specified sum per mensem ;	
(b) executed by persons taking advances under the existing relevant Laws or by their sureties, as security for the repayment of such advances;	
(c) executed by officers of Government or their sureties to secure the due execution of an office or the due accounting for money or other property received by virtue thereof.	
58. SETTLEMENT –	
A. INSTRUMENT OF (including a deed of dower).	The same duty as a **BOND** (No. 15) for a sum equal to the amount or value of the property settled as set forth in such settlement; Provided that where an agreement to settle is stamped with the stamp required for an instrument of settlement, and an instrument of settlement in pursuance of such agreement is subsequently executed, the duty on such instrument shall not exceed kyat 600.
Exemptions.	
(a) Deed of dower executed on the occasion of a marriage between Muhammadans.	
(b) Hludansa, that is to say, any settlement of immovable property executed by a Buddhist in the Republic of the Union of Myanmar for a religious purpose in which no value has been specified and on which a duty of kyat 1,000 has been paid.	
B. REVOCATION OF - *See* also **TRUST** (No.64);	The same duty as a **BOND** (No.15) for a sum equal to the amount or value of the property concerned as set forth in the Instrument of Revocation but not exceeding kyat 3,000.
59. SHARE -WARRANTS to bearer issued under the Myanmar Companies Act.	The duty payable on a **CONVEYANCE** (No.23) for a consideration equal to the nominal amount of the shares specified in the warrant.
Exemptions.	
Share warrant when issued by a company in pursuance of the Myanmar Companies Act, section 43, to have effect only upon pay-ment, as composition for that duty, to the Collector of Stamp-revenue, of –	
(a) one and a half per centum of the whole subscribed capital of the company, or	
(b) if any company which has paid the said duty or com - position in full subsequently issues an addition to its subscribed capital one and a half per centum of the additional capital so issued.	
SCRIP - *See* **CERTIFICATE** (NO.19).	
60. SHIPPING ORDER for or relating to the conveyance of goods on board of any vessel.	- Kyat 50.
61. SURRENDER OF LEASE:-	
(a) when the duty with which the lease is chargeable does not exceed kyat 500;	The duty with which such lease is chargeable.
(b) in any other case … …	- kyat 600.
Exemption.	
Surrender of lease, when such lease is exempted from duty.	
62. TRANSFER (whether with or without consideration)-	
(a) of shares in an incorporated company or other body corporate;	- 0.3 Per centum on the value of share.
(b) of debentures, being marketable securities, whether the debenture is liable to duty or not, except debentures provided for by section 8;	- 0.3 Per centum on the value of the debenture
(c) of any interest secured by a bond, mortgage-deed or policy of insurance-	
(i) if the duty on such bond, mortgage-deed or policy does not exceed kyat 100;	The duty with which such bond, mortgage-deed or policy of insurance is chargeable.
(ii) in any other case … …	- Kyat 300.
(d) of any property under the Administrator General's Act, section 25;	- Kyat 300.

စာမျက်နှာ ၁၇ သို့

ဥပဒေနှင့်ကြော်ငြာ

စာမျက်နှာ ၁၆ မှ

Description of instrument	Proper Stamp-duty
(e) of any trust - property without consideration from one trustee to another trustee or from a trustee to a benefi - ciary.	- 300 kyat or such smaller amount as may be chargeable under clauses (a) to (c) of this Article.
Exemptions. Transfers by endorsement - (a) of a bill of exchange, cheque or promissory note; (b) of a bill of lading, delivery order, warrant for goods, or other mercantile document of title to goods; (c) of a policy of insurance; (d) of securities of the Republic of the Union of Myanmar. See also section 8.	
63.TRANSFER OF LEASE by way of assignment and not by way of under lease.	The same duty as a **CON-VEYANCE** (No. 23) for a consideration equal to the amount of the consid- eration for the transfer.
Exemption. Transfer of any lease exempt from duty except No. 20 and 35.	
64.TRUST - A .**DECLARATION OF:** - of or concerning any property when made by any writing not being a WILL.	The same duty as a **BOND** (No.15) for a sum equal to the amount or value of the property concerned as set forth in the instrument, but not exceeding kyat 600.
B. **REVOCATION OF:** - of or concerning any property when made by any instrument other than a WILL.	The same duty as a **BOND**(No.15) for a sum equal to the amount or value of the property concerned as set forth in the instrument, but not exceeding kyat 600.
See also **SETTLEMENT** (No.58).	
VALUATION. *See* **APPRAISEMENT** (No.8)	
65.WARRANT FOR GOODS, that is to say, any instrument evidencing the title of any person therein named, or his assigns, or the holder thereof, to the property in any goods lying in or upon any dock, warehouse or wharf, such instrument being signed or certified by or on behalf of the person in whose custody such goods may be.	-Kyat 50

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်

မလှိုင် ဧပြီ ၁

မလှိုင်မြို့နယ် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဖွင့်၍ ကျန်းမာရေးမပြည့်စုံသော မြို့နယ်သူ မြို့နယ်သားများ၏ အထွေထွေရောဂါနှင့် သွားရောဂါများကို ကျွမ်းကျင်သော ဆရာဝန်ကြီးများဖြင့် စစ်ဆေးကုသပေးမည်ဖြစ်၍ ဗလငါးတန်အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းကို မတ် ၃၀ ရက်နံနက်ပိုင်းက မလှိုင်မြို့ ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ဆေးခန်းကို မလှိုင်မြို့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက ဆရာတော်ဦးဓမ္မိက၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်း၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဆေးခန်း၊ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမေရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ဗလငါးတန်အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ကုသပေးမည်ဖြစ်ပြီး ဆေးခန်းကို နံနက် ၈နာရီခွဲမှ စ၍လူနာ ၅၀၊ ညနေ ၃ နာရီမှစ၍လူနာ ၅၀ကို ဆရာဝန် ၁၈ ဦးက အလှည့်ကျ အထွေထွေရောဂါနှင့် သွားရောဂါများကို ရဟန်းရှင်လူများအား ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အောင်ငွေး(မလှိုင်)

သတင်းတို

မိတ္ထီလာတွင် မဟာသင်္ကြန်ပွဲတော် ဆင်နွှဲမည်

မိတ္ထီလာတွင် ဗဟိုရေကစားမဏ္ဍပ် တည်ဆောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်စည်ကားကားဖြင့် ကျင်းပဆင်နွှဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဗဟိုမဏ္ဍပ်တွင် ရေကစားခြင်းနှင့်ကပြသီဆိုဖျော်ဖြေခြင်းများကို နေ့ပိုင်းအစီအစဉ်များဖြင့်သာ ကျင်းပသွားမည်ဖြစ်ပြီး မဟာသင်္ကြန်ပွဲတော်ကျင်းပဆင်နွှဲပြီးနောက် နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သက်ကြီးပူဇော်ပွဲနှင့်ဇီဝိတဒါန ငါးလွှတ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် မတ် ၃၁ ရက်က သန်းခေါင်စာရင်း စတင်ကောက်ယူရာ စာရင်းကောက်များ မေးမြန်းသော မေးခွန်းများကို အိမ်ထောင်စုများက ပြန်လည်ဖြေကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

တိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့် ကျောင်းသား ကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ် အရည်အသွေး၊ အရေအတွက်နှင့် နေရာဒေသ

(က) **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**
(၁) စာအုပ်အရွယ်အစား ၆.၂၅×၈.၂၅ လက်မ
(၂) လိုင်းအရေအတွက် ၂၂ လိုင်း (အနည်းဆုံး)
(၃) အဖုံးစက္ကူ ၁၈၀ gsm Duplex board (colour)
(၄) အတွင်းစက္ကူ ၆၀ gsm indo 1 K woodfree
(၅) စာမျက်နှာ ၈၀ pages

(ခ) **တင်ဒါ(၃)ခုအတွက် ပေးသွင်းရမည့်အရေအတွက်နှင့် နေရာဒေသ**
(၁) **တင်ဒါ(၁)**
(ကက) စစ်ကိုင်းခရိုင် ၂၃၄၃၅ ဒါဇင်
(ခခ) မော်လိုက်ခရိုင် ၁၁၃၀၂ ဒါဇင်
(ဂဂ) ကလေးခရိုင် ၂၈၄၇၀ ဒါဇင်
(ဃဃ) တမူးခရိုင် ၇၅၀၈ ဒါဇင်
ပေါင်း ၇၀၇၁၅ ဒါဇင်
(၂) **တင်ဒါ(၂)**
(ကက) မုံရွာခရိုင် ၆၄၀၈၀ ဒါဇင်
(ခခ) ခန္တီးခရိုင်(နန်းယွန်းမပါ) ၂၉၂၃၉ ဒါဇင်
(ဂဂ) တိုင်းဒေသကြီးအရံ ၅၉၄၃ ဒါဇင်
ပေါင်း ၉၉၂၆၂ ဒါဇင်
(၃) **တင်ဒါ(၃)**
(ကက) ရွှေဘိုခရိုင် ၇၃၅၂၇ ဒါဇင်
(ခခ) ကသာခရိုင် ၅၁၀၁၉ ဒါဇင်
(ဂဂ) နန်းယွန်း ၈၇၂၄ ဒါဇင်
ပေါင်း ၁၃၃၂၇၀ ဒါဇင်
စုစုပေါင်း ၃၀၃၂၄၇ ဒါဇင်

(ဂ) **တင်ဒါပိတ်မည့်ရက်၊ နေ့ရက်/အချိန်** ၂၅-၄-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်/အချိန်** ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၄-၄-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၇၇၃၊ ၂၄၃၁၃
(ခ) တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၉၄၈၊ ၂၂၉၈၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၇၈၆၈၀ ကန်ဘို KB-125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင် ၅/ရဘန(နိုင်)၀၁၂၃၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)

သားအဖြစ်မှစွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဦးကံသိန်း)-ဒေါ်ခင်စန်းကြည်(ခ)ဒေါ်စန်းတို့၏သား မောင်မြသိန်းဦး(ခ)မောင်ဖိုးချို ၅/ကလဝ(နိုင်)၀၂၇၉၂၂သည် မိဘများ၏သွန်သင်ဆုံးမမှုများကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မောင်မြသိန်းဦး(ခ)မောင်ဖိုးချိုနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

(ဦးကံသိန်း)-ဒေါ်ခင်စန်းကြည်(ခ)ဒေါ်စန်း
အမှတ်(၂)ရပ်ကွက်၊ ကလေးဝမြို့

အမည်မှန်

ဦးသိန်းငွေ၏သမီး ဟုမ္မလင်းမြို့၊ အထက(၂) နဝမတန်း(က)မှ မမြတ်နိုးသွယ်တာအား မသက်ထားစံဟု ပြောင်းလဲခေါ်ပါရန်။

မသက်ထားစံ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ ဌာနဆိုင်ရာများအလိုက် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တိုင်းဒေသကြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
(၁) မုံရွာ (၄ ခန်းတွဲ) (၄)ထပ်၊ (၄)လုံး
(၂) စစ်ကိုင်း (၄ ခန်းတွဲ) (၄)ထပ်၊ (၂)လုံး
(၃) ရွှေဘို (၄ ခန်းတွဲ) (၄)ထပ်၊ (၂)လုံး
(၄) ကလေး (၄ ခန်းတွဲ) (၄)ထပ်၊ (၂)လုံး
(၅) မုံရွာ (၂ ခန်းတွဲ) (၂)ထပ်၊ (၁)လုံး

(ခ) **တိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**
(၁) စစ်ကိုင်းခရိုင်ရုံး(ပေ၄၀ × ပေ၃၀× ၂၃ ပေ)၊ (၂)ထပ်
(၂) ရွှေဘိုခရိုင်ရုံး(၂ခန်းတွဲ)၊ နေအိမ်(၁)လုံး

(ဂ) **တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
(၁) မုံရွာစက်မှုအိတ်ချိန်းနေအိမ် (ပေ၃၀ ×ပေ၃၀)၊ (၁)ထပ် (၁လုံး)
(၂) ချောင်းဦးစာတိုက်ရုံး (ပေ၃၀ ×ပေ ၂၀) (၁)ထပ်
(၃) ရွှေဘို-ဆိပ်ခွန်စာတိုက်ရုံး (ပေ ၃၀×ပေ၂၀) (၁)ထပ်
(၄) ကောလင်းစာတိုက်ရုံး (ပေ၃၀ ×ပေ၂၀) (၁)ထပ်

(ဃ) **တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**
(၁) ကသာခရိုင်ရုံး (ပေ ၅၀ ×ပေ ၃၀ ×၁၂ ပေ) (၁)ထပ်
(၂) မော်လိုက်ခရိုင်ရုံးနှင့် သိုလှောင်ရုံ ပေ ၇၂၀ ခြံစည်းရိုးကာရံခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၄-၂၀၁၄ ရက်မှ ၂၅-၄-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၆-၄-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရက်** - ၃၀-၄-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးစာရင်းရုံး ဖုန်း-၀၇၁-၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တောင်ပေါ်ဒေသ ကျေးရွာလေးများ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးလာတော့မည်

လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သဖြင့် ဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရပြီး များစွာအခက်တွေ့ခဲ့ရသည်။

လမ်းသစ်ဖောက်လုပ်ရန် ယန္တရားများဖြင့် မြေသားတူးဖော်မှု စတင်နေပြီဖြစ်သည်။ ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

နေပြည်တော် မေ ၂

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အရှေ့ဘက် ရှမ်းရိုးမတောင်ပေါ်ရှိ ရွာသစ်ကုန်းနှင့် ကျောက်ဖျာကျေးရွာလေးများသည် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး စသည့် ကဏ္ဍပေါင်းစုံတွင် အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသော်လည်း ယခုအခါ ရွာသစ်ကုန်းကျေးရွာမှ တောင်ခြေအနီး ချောင်းဖျားကျေးရွာနှင့် အနီးဝန်းကျင်မြို့များပါ အချိန်မကုန်ဘဲ ကားနှင့် မော်တော်ဆိုင်ကယ်များ သွားရောက်နိုင်မည့် တောင်ပေါ်လမ်းသစ်ကို ဖောက်လုပ်နေမှုကြောင့် အဆိုပါ တောင်ပေါ်ကျေးရွာလေးများ များမကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အရှည် ငါးမိုင်၊ အကျယ် ၁၀ ပေရှိ အဆိုပါ တောင်ပေါ်လမ်းသစ်ကို ရွာသစ်ကုန်းကျေးရွာသူ ကျေးရွာသားများ စုပေါင်းထည့်ဝင်ငွေဖြင့် ယခုလအစောပိုင်းက စတင်၍ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းလမ်းသစ်ဖောက်လုပ်မှုကြောင့် တောင်ပေါ်ဒေသရှိ ဒေသခံများ၏ ကာလကြာရှည်စွာ မက်ခဲ့ရသည့် စိတ်ကူးအိပ်မက်ကြီး အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရွာသစ်ကုန်းကျေးရွာမှ လမ်းဖောက်လုပ်ရေးတာဝန်ခံ ဦးချစ်ဆွေက"တောင်ပေါ်လမ်းကို ဖောက်ဖို့ ရည်ရွယ်ထားတာ တော်တော်ကြာပါပြီ။ ငွေကြေးနဲ့အခြားအခက်အခဲအမျိုးမျိုးကြောင့် မအောင်မြင်ပါဘူး။ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍတွေမှာ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရပါတယ်။ အခုတော့ ကပ်ကာကမ္ဘာအေးစေတီတော်ပြုပြင်ဖို့ လမ်းဖောက်လုပ်တာကနေ ကြုံရင်း စက်ယန္တရားဆရာနဲ့ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်ပြီး နိုင်ငံတော်ရဲ့ ဘတ်ဂျက်မကျခင် အခုလို ကြိုတင်ဖောက်လုပ်ဖြစ်သွားတာပါ။ ကျွန်တော်တို့ရွာအရောက်အထိ သိန်း ၁၀၀ ဝန်းကျင်လောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ နိုင်ငံတော်က အမြန်ဆုံးထောက်ပံ့ပေးရင်တော့ ကျွန်တော်တို့အတွက် ပိုပြီးအဆင်ပြေတာပေါ့။ တောင်ပေါ်ဒေသအနေနဲ့ လမ်းဖောက်လုပ်ရတာကတော့ ကျောက်တုံးကျောက်ခဲတွေကလည်း ထူပြော၊ ရိုးတွေ၊ ချောက်တွေကလည်း ပေါများတော့ မမြင်နိုင်တဲ့ ဘေးအန္တရာယ်တွေနဲ့ တော်တော်အခက်အခဲရှိပါတယ်"ဟု ပြောပြသည်။

တောင်ပေါ်ကျေးရွာများသည် အသက်မွေးဝမ်းကျောင်း အဖြစ် တောင်ယာလုပ်ငန်းနှင့် ငှက်ပျော၊ ကွမ်းစိုက်ပျိုးခြင်း လုပ်ငန်းများကို အဓိကလုပ်ဆောင်ကြပြီး ဒေသထွက်ကုန်များကို အနီးဝန်းကျင်မြို့ပေါ်များသို့ သွားရောက်ရောင်းချကြရကြောင်း၊ ထိုသို့ရောင်းချရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်ပစ္စည်းများကို လူအားဖြင့်သာ တောင်ပေါ်မှ တောင်အောက်သို့ ပလိုင်းများဖြင့် ထမ်းပိုးသယ်ချရကြောင်း၊ မြို့ပေါ်မှ ဝယ်လာသည့် ကုန်ပစ္စည်းများကိုလည်း တောင်ပေါ်သို့လူအင်အားဖြင့်တစ်ဆင့် သယ်ယူရသောကြောင့် မူရင်းဈေးထက် တစ်ဝက်ပိုကုန်ကြောင်း၊ ယခုရွာထိအောင်ပေါက်မည့် လမ်းသစ်ကြီး ဖောက်လုပ်နေသောကြောင့် ဝမ်းသာရကြောင်း၊ နောင်တွင် ယခုမြေသားလမ်းထက် ပိုမိုအဆင်မြင့်သည့် ကျောက်ချောလမ်း ဖြစ်အောင် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ **တင်မောင်လွင်**

စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ ရွှေ့လျားစာကြည့်တိုက် ကျောက်တလုံးကြီး၌ဖွင့်

ကျောက်တလုံးကြီး မေ ၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ဂုဏ်ပြုသောအားဖြင့် ကျောက်တလုံးကြီးမြို့နယ်ခွဲ ပြန်/ဆက်မှ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲကို မတ် ၃၁ရက်ကကျောက်တလုံးကြီးအထက၌ ကျင်းပသည်။

မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်အောင်မင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေ မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ရွှေ့လျားစာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို တက်ရောက်လာသည့် ဧည့်သည်များမှ ကြည့်ရှုအားပေးခဲ့ပြီး မတ်လကုန်အထိ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လုပ်ကိုင်မည့်သူများ ဖတ်ရှုနိုင်ကြောင်း သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

မဟာမြိုင်တောမှ တိရစ္ဆာန် ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာကြည့်ရှုနိုင်ကြောင်း ဖိတ်ခေါ်

ကလေး မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်တောအတွင်း ပန်ထွာမင်းသမီးတည်ထားကိုးကွယ်သော မြသိန်းတန်စေတီအနီးမှ တိရစ္ဆာန်ကျောရိုးဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုအား တူးဖော်ရရှိသဖြင့် အောင်ချမ်းသာကျေးရွာရှိ မောင်ကျားဆိုသူမှ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရသည်။

အဆိုပါ မောင်ကျားမှာ အသက် ၄၅နှစ်ရှိပြီဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်ခန့်က မဟာမြိုင်တောအတွင်း မြသိန်းတန်စေတီအနီးတွင် တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်းမှာ တိရစ္ဆာန်တစ်ကောင်၏ ကျောရိုးသဏ္ဌာန်ကို မြင်တွေ့ရခြင်းဖြစ်ပြီး မည်သည့်တိရစ္ဆာန်ဖြစ်မှန်း မသိရှိနိုင်ခြင်းကြောင့် သုတေသီများလေ့လာလိုပါက ဆက်သွယ်လေ့လာနိုင်ကြောင်း မောင်ကျားက ပြောကြားသည်။

မဟာမြိုင်တောအတွင်း ကျောက်ဖြစ်ရုပ်ကြွင်းများ မကြာခဏ တွေ့ရှိရပြီး ဒေသခံများထံသို့ နိုင်ငံတကာမှ သုတေသနပညာရှင်များက ဆက်သွယ်စုံစမ်းတတ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

သတင်းတို

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် သိမ်းဆည်းမြေဧရိယာ (၁၆) ဧက လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက်က ကျင်းပသည်။ မြို့နယ်အသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက သိမ်းဆည်းမြေပြန်လည်လက်ခံရရှိသည့် တောင်သူနှစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ခွင့်လက်မှတ်များကို ဦးပိုင်အလိုက် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်(မော်ဝန်းသား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အပိုဒ်(၂)၊ (ဂ)ပါစာသားအား ပြင်ဆင်ကြောင်းကြော်ငြာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ၁၀-၃-၂၀၁၄ ရက်နှင့် ၁၁-၃-၂၀၁၄ ရက်များတွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ A.G.T.I မှ B.Tech နှင့် B.Tech မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲကျင်းပမည့်အစီအစဉ် ကြေညာခြင်းတွင်ပါရှိသော အပိုဒ်(၂)၊ (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ မိဘအုပ်ထိန်းသူများ၏ ဝန်ခံချက်နှင့် ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်ပါစာသားအား အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် မိဘအုပ်ထိန်းသူများ၏ ဝန်ခံချက်စာသားဖြင့် ပြင်ဆင်ပြောင်းလဲကြောင်း အသိပေးကြေညာအပ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့
အဆိုပြု တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အထောက်အကူဖြစ်စေရေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင် မြေနေရာတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် ပြည်တွင်း(ပုဂ္ဂိုလ်)၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၁၈)ရပ်ကွက်၊ မြန်မာ့မီးရထား၊ တောင်ငူဘူတာ၊ တိုင်းအရာရှိနေအိမ်အနီး၊ အလျား ၁၀၅ပေ×အနံ ၁၅၆ပေ=၆၃၈၀ စတုရန်းပေ၊ ခန့်မှန်း ၀ ဒသမ ၃၇၆ ဧက

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-ဖြင့် ၇-၄-၂၀၁၄ ရက်မှစ၍ ၇-၅-၂၀၁၄ ရက်အထိ မြန်မာ့မီးရထား၊ အမှတ် ၅တိုင်း၊ အင်ဂျင်နီယာမှူး (မြို့ပြ)ရုံး၊ တောင်ငူမြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အထက်ဖော်ပြပါနေရာကို B.O.T စနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားအလိုက်ဖော်ပြလျက် တင်ဒါအဆိုပြုလွှာများကို ၂၉-၅-၂၀၁၄ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်ဒါယှဉ်ပြိုင်ကြေးနှင့်အတူ မြန်မာ့မီးရထား၊ အမှတ် ၅ တိုင်း၊ အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့သို့ ပေးပို့သွားရန်ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၅၄-၂၃၀၁၆၊ ၀၅၄-၂၃၀၆၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများအတွက် လိုအပ်သော မီးငြိမ်းသတ်ယာဉ် ၆၅စီး၊ ရေသယ်ယာဉ် ၄၃စီး၊ အပေါ့စားမီးသတ်စက် ၁၀ခု၊ အမြုပ်ဆေးရည် ၃၇လုံး၊ ရေမှုန်ရေမွှားကိရိယာ(ကျောလွယ်အိတ်) ၉ခု၊ မီးငြိမ်းသတ်ရေးကိရိယာ ၃၇ ခု၊ ပရိဘောဂ ၄ ခု၊ ကွန်ပျူတာ ၆ လုံး၊ ပရင်တာ ၆ လုံး၊ မိတ္တူကူးစက် ၆ လုံးနှင့် Fax ၆လုံးဝယ်ယူရန်ရှိပါ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၄-၂၀၁၄ ရက်မှ ၂၅-၄-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၂၆-၄-၂၀၁၄ ရက် ၁၆:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်ရက်** - ၃၀-၄-၂၀၁၄ ရက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၁၁၇၀၊၂၄၃၀၇ နှင့် ၀၇၁-၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သတ္တုများပါဝင်သည့် အခြားရောရာသတ္တုပစ္စည်းများအား ဘားအံမြို့၊ နေပြည်တော်ရုံးခွဲ၊ ရန်ကုန်ရုံးခွဲ၊ နမ္မတူရုံးခွဲ၊ လားရှိုးရုံးခွဲနှင့် မန္တလေးရုံးခွဲများတွင် ထားရှိသည့်နေရာအလိုက် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် မေလ ၆ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၈၃၊ ၀၆၇-၄၀၉၀၁၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၁၃၆၂ Nissan Diesel Dump Truck (6x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုးဦး ၅/စကန(နိုင်)၁၅၁၈၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုး၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၄-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၄-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အော်တစ်ဇင်များအတွက် နွေရာသီ အားကစားသင်တန်း ပထမအကြိမ်ကျင်းပ

ရန်ကုန်　ဧပြီ　၂

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပထမဆုံးအကြိမ်စီစဉ်ဆောင်ရွက်သော ၂၀၁၄ ခုနှစ် နွေရာသီဉာဏ်ရည်မမီ အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို မြောက်ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ မတ် ၃၁ ရက်က ကျင်းပသည်။

အဆိုပါ နွေရာသီအားကစား သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က အောင်ဆန်းကွင်းမှ သင်တန်းများအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ National Director ဦးသိန်းဝင်းကအင်းစိန်ကွင်းမှ သင်တန်းများအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့ အမှုဆောင် ဦးထွန်းမင်းက သုဝဏ္ဏကွင်းမှ သင်တန်းများအတွက် သော်လည်းကောင်း၊ မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားအဖွဲ့အမှုဆောင် ဦးဝင်းမြင့်က မင်္ဂလာဒုံကွင်းမှသင်တန်းများအတွက်သော်လည်းကောင်း ဉာဏ်ရည်မမီသူ အားကစားသမားစုစုပေါင်း ၁၀၂ ဦးအတွက် အသီးသီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။

နွေရာသီဉာဏ်ရည်မမီ အားကစားသင်တန်းမှ ကျောင်းသားမိခင် ဒေါ်နွယ်နီအေးက "သုဝဏ္ဏလေ့ကျင့်ရေးကွင်းက ဉာဏ်ရည်မမီသောအားကစားအဖွဲ့ကို ၂၀၀၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာပါ၊ ဒီလိုသင်တန်းက ဒါပထမဦးဆုံးအကြိမ် ၂၀၁၄ မှာ စတင်ပြုလုပ်ခဲ့တာပါ။ အန်တီ့ရဲ့ကလေးက ဉာဏ်ရည်မမီလို့ ကျောင်းစာကို သူများနည်းတူ သင်ကြားလို့ မရခဲ့ပါဘူး။ သူ့ခမျာ စာသင်ကြားလို့လည်းရဘူးဆိုတော့ ဘယ်လိုလုပ်လို့ ရနိုင်မလဲစဉ်းစားပြီး ဒီအားကစားအဖွဲ့နဲ့ချိတ်ဆက်လိုက်တာပါ။ စာကတော့ သူ့ကို ငါးနှစ်သားလောက်ကတည်းက အိမ်မှာခေါ်သင်ခဲ့တာပါ။ အခုအသက် ၂၉ နှစ်ရှိသွားပါပြီ၊ အခုဆိုရင်တတိယတန်းစာကို ကောင်းကောင်းဖတ်တတ်နေပါပြီ။ ဒါပေမယ့် ယနေ့အချိန်ထိ သူ့နောက်က တကောက်ကောက် လိုက်နေရတုန်းပါပဲ။ အခုဆိုရင် ဒီအားကစားသင်တန်းတက်ခြင်းအားဖြင့် အပေါင်းအသင်းအသိုင်းအဝိုင်းလည်း ရလာပါပြီ။ အားကစားဝန်ကြီးဌာနနဲ့ တကွ ဉာဏ်ရည်မမီကလေးများကို စိတ်ရှည်လက်ရှည် သင်ကြားပြသပေးကြတဲ့ တာဝန်ရှိဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ဒီလိုနွေရာသီသင်တန်းမှာ အန်တီ့သားလေးလည်း တက်ခွင့်ရလို့ အရမ်းကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါဉာဏ်ရည်မမီအားကစားသင်တန်းအား ၂၀၁၄ ခုနှစ် မတ်လ စတင်စဉ်က အားကစားဝန်ကြီးဌာနမှ ဖွင့်ပွဲပြုလုပ်ပေးခဲ့ကြောင်း သိရပြီး ယခုကဲ့သို့သော သင်တန်းများအား ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်များရှိကြောင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ သိရသည်။ **စိုးဝင်း(SP)**

ပုလဲသွယ်နွေစပါးစံကွက်ရိတ်သိမ်း

ဘီးလင်း　ဧပြီ　၂

၂၀၁၃-၂၀၁၄ပုလဲသွယ် နွေစပါးရိတ်သိမ်းခြင်းကို ဇွဲကလာကျေးရွာ ဦးပိုင်အမှတ် ၁၆/၂ ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနဦးစီးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးစောခင်ကျော်မြင့်တို့က ပုလဲသွယ်နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ရိတ်သိမ်းပြီး ပုလဲသွယ် နွေစပါးစိုက်ဧက ၁၀ဧကထဲမှ တစ်ဧကလျှင် အစိုထွက် ၁၆၁တင်းနှင့် အခြောက်ထွက် ၁၄၅ တင်းထွက်ရှိကြောင်း သိရသည်။ **ထူးနောင်(ပြန်/ဆက်)**

ဗန်းမော်မြို့နယ် ဝက်ကုန်းနှင့်မံဇာကျေးရွာများအတွက် ကျောက်ချောလမ်းဆောင်ရွက်ပေး

ဗန်းမော်　ဧပြီ　၂

ကျေးလက်နေပြည်သူများ လမ်းခရီးသွားလာမှုလွယ်ကူ၍ စီးပွားရေးလုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်စေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၈၂၄ သန်းဖြင့် နှစ်မိုင် ဝ ဒသမ ၄ဖာလုံအရှည်ရှိ ဗန်းမော်မြို့နယ် ဝက်ကုန်းကျေးရွာနှင့် မံဇာကျေးရွာသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ကောင်းကင်လွင်ကုမ္ပဏီမှ တင်ဒါစနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ကျေးလက်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့က အဆိုပါ ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

စစ်ဆေးလက်ခံ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် သန်းခေါင်စာရင်း ကွပ်ကဲရေးရုံး၌ မတ် ၃၁ရက်က စာရင်းစစ်များက စာရင်းကောက်များ ကောက်ယူလာသည့်စာရင်းများကို စစ်ဆေးလက်ခံနေစဉ်။
(ရွှေကုက္ကိုလ်)

သတင်းတိုများ

တာချီလိတ်တွင် အလင်းရောင်အသင်းမှ ရွှေရတုဆွမ်းလောင်းလှူ

တာချီလိတ်မြို့ အလင်းရောင်ပရဟိတအသင်းသည် ဝါတွင်းဝါပလပြည့်လကွယ်နေ့တိုင်း တာချီလိတ်မြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များအား အရက်ဆွမ်းလောင်းလှူ ဒါနပြုလျက်ရှိပြီး အကြိမ် (၅၀)မြောက် ရွှေရတုဆွမ်းလောင်းပွဲအား မတ် ၃၀ ရက်က ရှမ်းရိုးမကွင်းအတွင်းရှိ ဆွမ်းလောင်းမဏ္ဍပ်တွင် ကျင်းပရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မိသားစုများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင် စုစုပေါင်း ၇၀၀ ကျော်အား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်တွင် ကျောင်းသစ်ဆောက်လုပ်

အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၂၄ သိန်းဖြင့် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ကံကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ တိုးချဲ့ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းဆောင်သစ်ကို အလျား ၉၀ ပေ၊ အနံ ၃၀ ပေ ရှိ၍ အုတ်ညှပ်၊ သွပ်မိုးအဖြစ် ဆောက်လုပ်ခြင်းဖြစ်ကာ ဧပြီလကုန်တွင် ပြီးစီးမည်ဟု တာဝန်ရှိသူများကပြောကြားသည်။ **(၁၀၁)**

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အမှတ်(၁၄)သစ်စက်ဝင်းအတွင်းရှိ သစ်သားထည်ဟောင်း(၄)မျိုးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **ပစ္စည်းအမျိုးအမည်** - သစ်သားထည်ဟောင်း(၄)မျိုး
(ခ) **လေလံတင်ရောင်းချမည့်နေ့ရက်** - ၂၃-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၉း၃၀ နာရီ
နေရာ - အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
(ဂ) **အိတ်ဖွင့်လေလံလျှောက်လွှာနှင့် စည်းကမ်းချက်ရောင်းချမည့်နေ့ရက်** - ၃-၄-၂၀၁၄ရက် (ကြာသပတေးနေ့)မှ ၂၂-၄-၂၀၁၄ ရက် (အင်္ဂါနေ့)အထိ
နေရာ - အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၅၄၁၂၄၀၂၊ ၀၉-၇၃၂၁၄၄၃၀၊ ၀၉-၂၅၀၁၈၄၅၄၄၊

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၂၂-၄-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးဆပ်ကော်မတီ
မြန်မာ့သစ်လုပ်ငန်း

မိဘအမည်မှန်နှင့် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အထက(၄)အလုံ၊ စတုတ္ထတန်း(ခ)တွင် ပညာသင်ကြားနေသော မိုးမြင့်တုံ၏အမည်မှန်မှာ သဲထက်ထက်စံဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝင်းကိုမောင် ၆/မအရ(နိုင်)၀၄၁၁၁၆၊ မိခင်အမည်မှန်မှာ ဒေါ်ထွေးပပနိုင် ၁၂/ကမတ(နိုင်)၀၁၉၇၂၅ ဖြစ်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၃၂၆၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ကလေး၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ရွှေဘို၊ ခင်ဦး၊ မင်းကင်း စသည့် မြို့နယ်မီးသတ်စခန်းများတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လေးခန်းတွဲ နှစ်ထပ်နေအိမ် (၁၀၀×၄၀×၂၂)ပေ ၂၄ လုံး
(ခ) နှစ်ခန်းတွဲ တစ်ထပ်နေအိမ် (၅၀×၄၀×၁၂)ပေ ၈ လုံး
(ဂ) (၆၀×၃၀×၁၂)ပေ တစ်ထပ်အဆောင် ၆ လုံး
(ဃ) ငါးယူနစ် နှစ်ထပ်မီးသတ်စခန်း (၆၅×၅၂×၂၅)ပေ ၆ လုံး
(င) ပြင်ပရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ (ရေဂါလန် ၂၀၀၀၀)ဆံ့ မြေအောက်ရေကန်နှင့် ပါဝါမီတာ တပ်ဆင်သွယ်တန်းခြင်း Pump တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၄-၂၀၁၄ ရက်မှ ၂၅-၄-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၆-၄-၂၀၁၄ ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရန်** - ၃၀-၄-၂၀၁၄ ရက်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၁၁၇၁၊ ၂၄၃၀၇ နှင့် ၀၇၁-၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်ဝေးရပ်၊ (ကားဂိတ်ဝင်း၊ မြောက်ဘက်ထိပ်) မဲထီးလမ်း၊ အမှတ်(၁၅+၁၆)နေ ဦးဆန်းမြင့် ၈/မကန(နိုင်)၀၁၀၈၃၃၊ ဒေါ်မြင့်မြင့်အုန်း ၈/မကန(နိုင်)၀၁၀၂၆၄တို့၏သား မောင်ဟန်သာဖြိုးဝေ ၈/မကန(နိုင်)၁၇၆၄၇၄သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘဆွေမျိုးများအား အရှက်ရအောင် အကြိမ်ကြိမ်ဒုက္ခပေးပြီး အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအား လုံး၀(လုံး၀)(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးဆန်းမြင့် ၈/မကန(နိုင်)၀၁၀၈၃၃
ဒေါ်မြင့်မြင့်အုန်း ၈/မကန(နိုင်)၀၁၀၂၆၄

အထက မာန်အောင်
ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက မာန်အောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၇ ရက် (ကြာသပတေးနေ့) မြန်မာနှစ်ဆန်း ၁ရက် မွန်းတည့် ၁၂နာရီတွင် မာန်အောင်မြို့ အထက အောင်ဇေယျာခန်းမ၌လည်းကောင်း၊ မေ ၁ ရက် အလုပ်သမားနေ့ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ်ဓမ္မာရုံ၌လည်းကောင်း ကျင်းပမည်ဖြစ်ပါသောကြောင့် အထက မာန်အောင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သင့်တော်ရာနေရာသို့ ပူဇော်ခံတက်ရောက်ပေးကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများမှလည်း အလှူငွေများကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဦးဘိုးတင်နု ဖုန်း-၀၁-၅၂၄၅၇၀၊ ကိုထွန်းမြင့်ဇော် ဖုန်း-၀၉-၄၂၁၇၃၉၄၅၁၊ ကိုဝင်းနိုင် ဖုန်း-၀၉-၈၅၁၃၁၆၈၊ မနီနီဆန်း ဖုန်း-၀၉-၂၅၀၂၃၀၉၄၈၊ ကိုမျိုးစည်သူ ဖုန်း-၀၉-၄၂၁၀၉၀၈၆၇၊ မဖြိုးချိုချိုလင်း ဖုန်း-၀၉-၇၃၀၄၄၂၃၂၊ မခိုင်သူလင်း ဖုန်း-၀၉-၄၂၁၇၃၃၁၇၁

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ စာအုပ်များ အလှူခံပါရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကြီးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ Text Book စာအုပ်များ၊ လျှောက်လွှာတင်ထားခဲ့သည့် စာရင်းအတိုင်း အောက်ပါဌာနသို့ အလှူခံပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဦးမြင့်ဇော်ဝင်း(ဒုညွှန်မှူး)
မိုးကုတ်ဆွမ်းစားဆောင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေး၊ ရန်ကုန်
ဖုန်း-၀၁-၆၆၂၁၄၈၊ ၀၉-၈၆၃၃၉၅၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မွန်ပြည်နယ် သထုံမြို့နယ်တွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနမှ ကျင်းပသည့် ၂၀၁၄ ခုနှစ်၊ အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန် (ငယ်၊ လတ်၊ ကြီး) စာမေးပွဲများကို မတ်လ ၂၈ ရက်မှ စတင်ကာ မြသပိတ်တောင်ခြေရင်းရှိ ဦးဖိုးသီး ဓမ္မာရုံတွင် သံဃာတော်များနှင့် သီလရှင်များ စတင်ဖြေဆိုလျက်ရှိသည်။ ဓမ္မာစရိယ စာမေးပွဲများကို မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်နေ့အထိ ဖြေဆိုမည်ဖြစ်ပြီး သံဃာတော် ၂၅၄ ပါးနှင့် သီလရှင် ၂၆ ပါးတို့ ဝင်ရောက်ဖြေဆိုကြကာ ပထမပြန် (ငယ်၊ လတ်၊ ကြီး) စာမေးပွဲကို ဧပြီလ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သက်ဦး(သထုံ)

နတ်မောက်၌ စာတတ်မြောက်ရေးဆောင်ရွက်

နတ်မောက် ဧပြီ ၂

၂၀၁၄ ခုနှစ်တွင် စာမတတ်သူ ပပျောက်ရေးအတွက် နတ်မောက်မြို့နယ်အတွင်း စာမတတ်သူပြည်သူ ၂၂၁၉ ဦးအား အခြေခံစာတတ်မြောက်ရေးအတွက် ဒေသခံလုပ်အားပေး ဆရာ ဆရာမများ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၂၀ ဖြင့် သင်တန်းပို့ချသင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ သင်ကြားပို့ချမည်ဖြစ်သည်။

နွေရာသီအခြေခံ စာတတ်မြောက်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်က တက်ရောက်လာကြသည့် ဒေသခံများအား ချီးကျူးဂုဏ်ပြုအားပေးစကား ပြောကြား၍ ဒေသခံဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးအတွက် ဒေသခံလုပ်အားပေး ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို သင်တန်းပို့ချရမည့် ကျေးရွာအုပ်စု ၃၈ အုပ်စု၊ ကျေးရွာပေါင်း ၁၄၇ ရွာသို့ကားများဖြင့် စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဥမ္မာခင်(iprd)

ချင်းရိုးရာအဝတ်အထည်များကို ပြည်တွင်းသာမက ပြည်ပအထိတင်ပို့

ဂန့်ဂေါ ဧပြီ ၂

ချင်းရိုးရာအဝတ်အထည်များကို ပြည်တွင်းသာမက ပြည်ပအထိတင်ပို့ရောင်းချနေကြရပြီး ဈေးကောင်းရရှိသဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်နေ ချင်းလူမျိုးများမှာ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများပြားလာကာ ချင်းရိုးရာအဝတ်အထည်များ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တင်ပို့

ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များတွင် နေထိုင်ကြသော ချင်းအမျိုးသမီးအများစုနှင့် အုတ်လှ၊ အန်းတား၊ ရောင်နက်၊ လက်ဝဲကုန်း၊ ရှုံးရှီအစရှိသည့် ကျေးရွာများနေ ချင်းအမျိုးသမီးအများစုသည် ချင်းရိုးရာအဝတ်အထည်များ ဈေးကောင်းရကာ အရောင်းသွက်နေသဖြင့် ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများပြားလာကာ ချင်းရိုးရာအဝတ်အထည်များ ထုတ်လုပ်နေကြကြောင်း၊ အင်္ကျီ၊ လုံချည်တစ်ထည်လျှင် ရက်သတ္တသုံးပတ်ခန့်ကြာအောင် ရက်လုပ်ကြရပြီး လုံချည်တစ်ထည်လျှင် ရက်လုပ်ခ ၂၀၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိနှင့် အင်္ကျီတစ်ထည်လျှင် ရက်လုပ်ခ ၄၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်အထိနှင့်အင်္ကျီတစ်ထည်လျှင် ရက်လုပ်ခ ငွေကျပ် ၄၀၀၀၀မှ ၅၀၀၀၀ကျပ်အထိရရှိကြကြောင်း၊ ထုတ်လုပ်ပြီးသောအဝတ်အထည်များကို ကုန်သည်များမှတစ်ဆင့် ဒေသတွင်းနှင့် ကလေး၊ ဟားခါးမြို့များအပြင် ပြည်ပအထိလည်း တင်ပို့ရကြောင်း

ကလေး၊ ဟားခါးမြို့များအပြင် ပြည်ပအထိလည်း တင်ပို့ရောင်းချ

တောင်ကုန်းရပ်ကွက်နေ ချင်းအမျိုးသမီး မချိုချိုဝင်းက ပြောကြားသည်။

လက်ကွက်စိပ်

"ရက်ကန်းစင်မှာ အကြီး၊ အသေး နှစ်မျိုးရှိပါတယ်။ အခုနောက်ပိုင်းမှာ ဂန့်ဂေါစပါယ်ရှယ်ကို ရက်ကန်းစင်အကြီးနဲ့ ရက်လုပ်ကြပြီး ချင်းထည်တွေကိုတော့ နှစ်နံစပ်ရက်လုပ်တဲ့ ရက်ကန်းစင်အသေးနဲ့ ရက်လုပ်ကြပါတယ်။ ချင်းထည်တွေက အဖြူ၊ အစိမ်း၊ မိုးပြာ၊ အနီ၊အဝါ၊ အမည်းရောင်တွေနဲ့ အပြောက်ဖော်ရတာ လက်ကွက်စိပ်ပါတယ်၊ အပြောက်ဖော်ရတာ များလေ ဈေးကြီးလေပါပဲ"ဟု ၎င်းက ပြောသည်။

လုပ်ကိုင်လျက်ရှိ

ဂန့်ဂေါမြို့နယ်တွင် ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူအများစုက အင်္ဂလိပ်အက္ခရာဖြင့် ဂန့်ဂေါစပါယ်ရှယ်ဟု စာတန်းရေးထိုးသော ဂန့်ဂေါလုံချည်များနှင့် ချင်းရိုးရာအဝတ်အထည်များကို ရက်လုပ်ကြကြောင်း ဂန့်ဂေါမြို့နယ်နေ ချင်းအမျိုးသမီး ၉၀ ရာခိုင်နှုန်းခန့်က ရက်ကန်းအလုပ်ကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

ယခုနှစ်လက်ဖက်ခူးရာသီတွင် လက်ဖက်ခူး လုပ်သားများလာရောက်မှုနည်းပါးနေ

ကျောက်မဲ ဧပြီ ၂

ယခုနှစ် လက်ဖက်ခူးရာသီတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်တို့မှ လက်ဖက်ခူးလုပ်သားများ မိသားစုအလိုက် အုပ်စုအလိုက် လက်ဖက်မြို့တော် ကျောက်မဲမြို့သို့ မီးရထား၊ မော်တော်ကားများဖြင့် တဖွဲဖွဲရောက်ရှိလာကြပြီဖြစ်သည်။

မန္တလေး၊ စစ်ကိုင်း၊ မကွေး စသည့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များမှ လက်ဖက်ခူးလုပ်သားကြီးများသည် ကျောက်မဲမြို့သို့ ရောက်ရှိလာကြပြီး ကျောက်မဲမှ တစ်ဆင့် ဟူးကွက်၊ ဟူးခွန်၊ ပန်သပြေ၊ ပန်ကွယ်၊ ပန်စံ၊ တော့ဆန်းကွင်း စလန်း၊ နမ့်ဆန်၊ ဇယန်းကြီး၊ ကွမ်းယင်၊ မြို့သစ်၊ မိုင်းငေါ့စသည့် လက်ဖက် တောင်ပေါ်ဒေသများသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာသွားကြပြီး ဒေသခံ တအာင်းပလောင်များ၊ ရှမ်းများဖြင့် ပူးပေါင်းလျက် ရွှေဖီလက်ဖက်ညွန့်များကို တပျော်တပါး ဆွတ်ခူးလျက်ရှိကြသည်။

လက်ဖက်ပွဲရုံတစ်ခုတွင် လုပ်ကိုင်နေကြသော လက်ဖက်ခူးလုပ်သားများ။

ယခုနှစ် လက်ဖက်ခူးရာသီတွင် လက်ဖက်လုပ်သားများ၊ ယခင်နှစ်များထက်လာရောက်မှု လျော့နည်းနေကြောင်း၊ နမ့်ဆန်မြို့နယ်အတွင်း လက်ဖက်ခြံများရှိရာ ကျေးရွာအုပ်စု ၃၂ အုပ်စုရှိပြီး နှစ်စဉ် လက်ဖက်ခူးလုပ်သား ၁၅၀၀၀ ကျော် လာနေရာမှ ယခုနှစ်တွင် လက်ဖက်ခူးလုပ်သား ခုနစ်ထောင်ခန့်သာ လာရောက်ကြောင်း၊ လာရောက်မှုနည်းပါးသွားရခြင်းမှာ ၎င်းတို့၏အညာဒေသတွင် ဖရဲသီးခြံလုပ်ငန်းများ၊ ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နေ၍ဖြစ်ကြောင်း၊ အချို့လည်း လမ်းဖောက်လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နေခြင်းကြောင့် ဖြစ်ကြောင်းစသည်ဖြင့် စိန်ရတနာ လက်ဖက်ပွဲရုံပိုင်ရှင် ဦးစိန်ဝင်းက ပြောကြားသည်။

လက်ဖက်ခူးသူ နည်းပါးသဖြင့် လက်ဖက်အထွက်နှုန်း လျော့နည်းသွားပြီး ရွှေဖီရွက်သစ်လက်ဖက် ဈေးနှုန်းများမှာ ကျောက်မဲမြို့ပေါ်တွင် လက်ရှိတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၄၈၀၀ကျပ်အထိ ဈေးရှိနေသည်။ **မောင်မောင်(ကျောက်မဲ)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒေပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

လှိုင်ကော်မြို့နယ် တရားမရုံး၌

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်ခင်သက်ထား **နှင့်** ၁။ ဒေါ်တင်တင်ဌွေး၊ ၂။ ဒေါ်တင်တင်အေး ၃။ ဦးထွန်းထွန်း၊ ၄။ ဦးဌွေးဝင်း၊ ၅။ ဦးအောင်ထွေး

တရားလို **တရားပြိုင်များ**

လှိုင်ကော်မြို့၊ ဒေါဥရုရပ်ကွက်၊ ရှ/၂၄၀(က)တွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်တင်တင်ဌွေးနှင့် ဦးထွန်းထွန်းတို့ သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်ခင်သက်ထားက ၂၂-၈-၂၀၁၃ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူမြေကွက်နှင့်နေအိမ်အရောင်းအဝယ်စာချုပ်အား အခြေပြုလျက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်စာတမ်း ချုပ်ဆိုပေးစေလိုမှုနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီးသော မြေကွက်နှင့် နေအိမ်အတွင်းမှ အသာတကြည်ထွက်ခွာဖယ်ရှားစေလျက် လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဧပြီ ၂၈ရက် (၁၃၇၆ခုနှစ် တန်ခူးလကွယ်နေ့) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် လှိုင်ကော်မြို့နယ် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်တွင် ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးစီမြင့်)

မြို့နယ်တရားသူကြီး၊ လှိုင်ကော်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် (၃၉/ဃ-၄-၁)၊ ဧရိယာ ဝဒသမ ဝ၉ဝဧကအကျယ်အဝန်းရှိ မြေအမျိုးအစား မြေပိုင်မြေ (လ/န ၃၉-ရပြီး)ဟု ခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၄၊ ကြည်ပြာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမောင်မောင်ဝင်း ၁၂/ကမရ(နိုင်)ဝ၄၂၅၆၇နှင့် ဒေါ်နေခြည်ပွင့် ၁၄/လပတ(နိုင်) ၁၂၅၉ဝ၃တို့မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းတို့နှစ်ဦးမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ LL.B, D.B.L

ဒေါ်ခင်မာနွယ် LL.B, D.B.L **ဒေါ်ဟန်သီစိုး LL.B, IDCS, IADCS**

အထက်တန်းရှေ့နေများ

အမှတ် ၁၂၇/အေ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊၀၉-၄၃၁၆၇၂၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် U_9 ၄၈၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် ၄၇၁၊ အကျယ်ပေ(၆၀×၈၀)၊ ပါမစ်မြေပေါ်ရှိ အမှတ် ၄၇၁၊ အောင်သိဒ္ဓိလမ်း၊ U_9 ၄၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်လှသွယ် ၁၂/မရက(နိုင်)ဝ၂၁၃၇၆ အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ ၁၇-၁၂-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အရ ဒေါ်ခင်ငြိမ်းကြည် ၁၂/ကမရ(နိုင်)ဝ၂၇၃၂၁ မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**

အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၉/ခ၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအေးမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ဥကတ(နိုင်)၁၂၁၃၀၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၆-၃-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကိစ္စအား ကန့်ကွက်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ကန်တော်ကလေးလမ်း၊ အမှတ် G-1၊ လိပ်စာပါ (အထက်တန်းရှေ့နေများ)၏ ၁၆-၃-၂၀၁၄ရက် ကန့်ကွက် နိုင်ကြောင်းကြော်ငြာစာပါ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ၅၆လမ်းထောင့်၊ တိုက်အမှတ် ၃၉၊ လိပ်စာပေါ်တွင်ဆောက်လုပ်ထားသည့်တိုက်၊ မြေတို့နှင့် စပ်လျဉ်း၍ရောင်းချခြင်း၊ စရန်ငွေပေးဝယ်ယူခြင်းများ မပြုလုပ်ရန် ကန့်ကွက်အပ်သည်မှာ အချင်းဖြစ်မြေနှင့်စပ်လျဉ်းပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းများနှင့် စပ်လျဉ်း၍ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တွဲဖက်ခရိုင်တရားသူကြီး(၁)ရုံးတွင် ဦးMပူရရှီး ပါ ၅ဦးမှ တရားလိုပြုပြီး (၁) ဦးကျော်ကျော်ဦး၊ (၂) ဦးယာကွတ်၊ (၃)ဦးမိုဟာမက်အူးမား၊ (၄)ဒေါ်ဖာတမာဘီဘီ၊ (၅)ဌာနမှူး (ရန်ကုန်မြို့တော်စည်ပင် အင်ဂျင်နီယာအဆောက်အအုံဌာန)၊ (၆)ဌာနမှူး (ရန်ကုန်မြို့တော်စည်ပင်မြို့မြေယာဌာန)တို့အား တရားပြိုင်ထားကာ တရားစွဲဆိုထားသည့် တရားမကြီးအမှုအမှတ် ၃၇၈/၂၀၁၀)အမှုအား တရားရုံးတော်မှ အမိန့်တစ်စုံတစ်ရာ ချမှတ်ရသေးခြင်းမရှိသေးသည့်အတွက် တရားရုံးမှ ဥပဒေနှင့်အညီ အမိန့်တစ်စုံတစ်ရာ မချမှတ်ရသေးမီ ရောင်းချ၊ ပေါင်နှံ၊ ဝယ်ယူ၊ လွှဲပြောင်း၊ စွန့်လွှတ်ပေး ကမ်းခြင်း၊ အခြားမည်သည့်နည်းနှင့်မျှ ကျွန်ုပ်အမှုသည်များ နစ်နာစေရန်ဆောင်ရွက်ခြင်းမပြုပါရန် ကန့်ကွက်ပါကြောင်းနှင့် ယင်းသတင်းစာပါ မြေ၊ တိုက်ခန်းများနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်သူ မည်သူဖြစ်ကြောင်း တရားရုံး အမိန့်တစ်စုံတစ်ရာ အတည်ပြုချမှတ်ခြင်း မပြုမီ ဦးကျော်ကျော်ဦးမှလည်းကောင်း၊ အခြားသူတစ်ဦးဦးမှ လည်းကောင်း၊ (တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ)ဟု သုံးနှုန်းဖော်ပြခြင်းမပြုပါရန်နှင့် ဆက်လက်သုံးနှုန်း ကြေညာ၊ ရောင်းချမှုပြုနေမည်ဆိုပါက ဥပဒေနှင့်အညီ လျှောက်ထားတရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဦးနှင့် အများအားသိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်မြမြလွင် (တရားလွှတ်တော်ရှေ့နေ)

အမှတ် ၃၅၈၊ ဗိုလ်မင်းခေါင်လမ်း၊

(၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊

ဖုန်း-၀၁-၅၈၀၀၂၂၊ ၀၉-၈၆၂၇၈၇၁၊ ၀၉-၄၄၈၀၄၄၉၅၄

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါကြေညာချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်း အတွင်းရှိ စားသောက်ဆိုင်ခန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းပုံစံများကို တစ်စုံလျှင် ကျပ် ၃၀၀၀ ဖြင့် ငွေကိုင်ဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းပြေစာဖြင့် ဌာနခွဲမှူး (ဘဏ္ဍာ)ရုံးတွင် အိတ်ဖွင့်တင်ဒါတင်သွင်းရန် လျှောက်လွှာပုံစံများရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်-

၁။ **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၃-၄-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတိတိ(တင်သွင်းသူကိုယ်တိုင် တစ်ပါတည်းတင်သွင်းရမည်။)

၂။ **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၁၂:၃၀ နာရီတိတိ

အသေးစိတ်အချက်အလက်များကို ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်မှုကော်မတီ(ဌာနမှူး၊ သင်တန်းရေးရာ) ဖုန်း-၀၅၆-၂၁၈၆၅ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ပျောက်ဆုံးကြောင်း

နီနီကျော် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၈၉၃/၂၀၁၃-၂၀၁၄ ယာယီမှတ်ပုံတင်ကတ်ပြားမူရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါဖုန်းသို့ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၂၆၂၃၅၉၊ ၀၉-၄၀၃၇၁၃၇၇၃

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြိတ်ခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၆

မန်နေဂျာ **နှင့်** ဒေါ်ချိုချိုညွန့်
မြန်မာ့စီးပွားရေးဘဏ်၊ မြိတ်မြို့
တရားနိုင် **တရားရှုံး**

တနင်္သာရီတိုင်းဒေသကြီးတရားရုံး၏ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၂၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၄ ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြိတ်မြို့၊ ခယူတောရပ်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၃၃၊ ကွင်းအမှတ် ၂၀အေအင်န်/ကန်ဖျား၊ ဦးပိုင်အမှတ်(က/၃၃)၊ မြေဧရိယာ ၀ ဒသမ ၀၃၈ ဧကရှိ ဘိုးဘပိုင်မြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၅×၂၅×၂၂)ပေရှိ မြေညီထပ် ကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်တိုင် အုတ်နံရံကာ၊ ပထမထပ်လျှာထိုးကြမ်းခင်း သံကူကွန်ကရစ်တိုင်အုတ်နံရံကာ၊ ကျောက်ပြားမျက်နှာကြက်၊ အလူဇင့်သွပ်မိုး နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းကြွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံး၌ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြိတ်ခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၇

မန်နေဂျာ **နှင့်** ၁။ ဒေါ်ခင်သိန်း
မြန်မာ့စီးပွားရေးဘဏ်၊မြိတ်မြို့ ၂။ ဦးလှသိန်း
တရားနိုင် **တရားရှုံးများ**

တနင်္သာရီတိုင်းဒေသကြီးတရားရုံး၏ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၄ ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြိတ်မြို့၊ ကန်ဖျားရပ်၊ ဗိုလ်ဗထူးလမ်း၊ (စိုးစိုး ပိုးပိုးလမ်းသွယ်နှင့် ပေ ၆၀ လမ်းထိပ်)၊ ကွင်းအမှတ် ၃၇၊ ဘုရားကိုင်၊ ဦးပိုင်အမှတ် ၅၂၁၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေငှားဂရန်မြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၄×၂၃×၂၀)ပေရှိ မြေညီထပ်ကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်တိုင်၊ အုတ်နံရံကာ၊ ပထမထပ်သံကူကွန်ကရစ်ရက်မ၊ လျှာထိုးကြမ်းခင်း၊ သံကူကွန်ကရစ်တိုင် အုတ်နံရံကာ၊ သွပ်မိုးနှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀။

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်၍လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံး၌ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖန်ပြန်၍လေလံတင်ရောင်းချပေးလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး

အရှေ့တိုင်းအထည်အလိပ်အမျိုးမျိုး လက်လီ/လက်ကားရောင်းဝယ်ရေး

အထည်သစ်များရောက်ရှိသောကြောင့် အောက်ပါဈေးနှုန်းများဖြင့် ရရှိနိုင်ပါသည်။

ချည်ပွန်၊ နာမီကို၊ ဆွဲသား	-	၁၀၀၀ ကျပ်
ဂျော်ဂျက်ပြောင်	-	၆၀၀ ကျပ်
ဂျော်ဂျက်အပွင့်	-	၈၀၀ ကျပ်
ချည်သား	-	၁၀၀၀ ကျပ်အထက်
ဇာအမျိုးမျိုး	-	၁၀၀၀ ကျပ်အထက်

စသော အထည်အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

အထည်အလိပ် ကိုက်/ဖြတ် ကျွမ်းကျင် မ(၂)ဦး
လစာ-၁၀၀၀၀၀ ကျပ်

လိပ်စာ ၃၆-A(မြေညီထပ်)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊
ဖုန်း-၀၉-၄၃၀၇၄၇၉၇

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလို ဝယ်လိုပါသလား။?
SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
ပွဲခ လုံးဝမယူပါ။
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ရောင်းမည်

NISSAN LATIO SALOON-Pearl White (2012) ပစ္စည်းစုံ၊ နံပါတ်မနှိုက်ရသေး၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၅၁၅၀၆၆၁

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၀/ခ၊ မြေကွက်တည်နေရာအမှတ် ၅၀/ခ၊ ရာဇသင်္ကြန် ၁ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်း ကွယ်လွန်သဖြင့် ဒေါ်စိန်ဆန်း ၁၂/ဥကတ(နိုင်)၀၁၃၄၀၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၂၉၀၈၃ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့သီသီခိုင် ၁၃/ကတန(နိုင်)၀၀၂၄၉၆ က (ကမ-၃) အဝိုင်းပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၇)၊ အမှတ်၁၃၀နေ ကိုထွန်းလွင်(ဘ)ကျိန်ဆောရင် ၁၃/လရန(နိုင်) ၁၁၇၂၂၁၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားစဉ်ပျောက်ဆုံးပါသဖြင့်တွေ့ရှိသူများအကြောင်းကြားပါရန်။

ကိုထွန်းလွင် ဖုန်း-၀၉-၄၇၃၂၀၈၆၀

အများသိစေရန်ကြေညာပါသည်

ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်း ၁၂/မရက(နိုင်)၀၉၇၈၀၅ အမှတ် ၃၉၅/ခ၊ ပဒေသာ ၁ လမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၈-၃-၂၀၁၄ ရက်စွဲပါ ကြော်ငြာနှင့်ပတ်သက်၍ တင်ပြကြေညာရသည်မှာ-

အမှတ် ၆၂(အေ)၊ ရေတွင်းကုန်းရပ်ကွက်၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းသည် မိဘများနှင့်အတူ ဖခင် ဦးဘလှသည် အစ်မကြီးများဖြစ်ကြသည့် ဒေါ်အုံးခင်(အပျိုကြီး)နှင့် ဒေါ်ညိမ်းတင်တို့နှင့်အတူ အတူတကွပူးတွဲနေထိုင်ပိုင်ဆိုင်ကြပါသည်။

ဦးဘလှနှင့် ဒေါ်အုံးခင်တို့ကွယ်လွန်သည့်အချိန်တွင် ဆွေမျိုးထဲ၌ အကြီးဆုံးအဖြစ် ကျန်ရစ်သူ ဒေါ်ညိမ်းတင်မှ အချင်းဖြစ်ဥပစာအတွက် ဂရန်လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။

ဦးဘလှနှင့် ဒေါ်သောင်းစိန်တို့ပေါင်းသင်းရာ၌ သားသမီးများအဖြစ် ဦးစိန်ထွန်း (လူပျို)၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ခင်ခင်စိန်နှင့် ဒေါ်စန်းစန်းတို့ကို မွေးဖွားခဲ့ပါသည်။

အချင်းဖြစ်ဥပစာနှင့်သက်ဆိုင်မှုရှိသဖြင့် ကျွန်ုပ်အမှုသည်၏အစ်ကို ဦးစိန်ထွန်းနှင့် အစ်မ ဒေါ်မြင့်မြင့်တို့မိသားစုတို့မှာ ယခုအချိန်ထိနေထိုင်လျက်ရှိကြသည်မှာ လူကြီးမင်းတို့၏ အမှုသည်များ သိရှိလျက်ရှိနေပါသည်။

သို့အတွက်ကြောင့်လည်း ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် မိသားစုစီမံမှုသဘောတူကတိစာချုပ် တစ်စောင်ချုပ်ဆိုခဲ့ဖူးပါသည်။ သို့သော်စာချုပ်ပါအတိုင်း အကောင်အထည်မဖော်ခဲ့ကြပါ။

မည်သို့ပင်ဆိုစေ ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းသို့ ၄-၆-၂၀၁၁ ရက်စွဲပါ ငွေပေးငွေယူကတိပြုလွှာဖြင့် အမှတ် ၆၂၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော နေအိမ်ကို ရောင်းရန်သဘောတူသည်။ သဘောပါသဖြင့် စတိစရန်ငွေ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ) ကို လက်ခံရရှိပါသည်ဟူ၍ ကျွန်ုပ်အမှုသည်က ကတိပြုလွှာတွင် လက်မှတ်ရေးထိုးရယူခဲ့သည့် အထောက်အထားရှိပါသည်။ အခြားအခြားသူများ၏ အမည်များလည်း ဖော်ပြပါရှိခဲ့ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းသည် အမှတ် ၆၂(အေ)၊ ရေတွင်းကုန်းရပ်ကွက်၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မိဘများနှင့်အတူတကွ နေထိုင်စဉ် ၁၁-၇-၁၉၇၃ ရက်တွင် ဦးကျော်မြင့်နှင့်အိမ်ထောင်ကျခဲ့ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းသည် ၄-၇-၂၀၁၁ ရက်စွဲပါ အမွေဆိုင်တစ်ဦးဖြစ်ကြောင်း အသိပေးခြင်း၊ အကြောင်းကြားစာကိုသက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူ၍ ပေးပို့ခဲ့ပါသည်။

ထို့ပြင် ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းသည် ၅-၇-၂၀၁၁ ရက်စွဲပါ လူမှုရေးကိစ္စတိုင်ကြားခြင်း၊ အကြောင်းကြားစာကိုလည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူ၍ ပေးပို့ခဲ့ပါသည်။

အထက်ပါတင်ပြချက်များကိုထောက်ရှု၍ ရှေ့နေကြီးများ၏ ၂၈-၃-၂၀၁၄ ရက်စွဲပါ သတင်းစာကြော်ငြာပါအတိုင်း ဆောင်ရွက်ရန်သင့်မည်မဟုတ်ပါကြောင်း။

အမှုသည်ဒေါ်စန်းစန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းညွန့်(နတ်မောက်)
(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၈၀)
အမှတ် ၁၃၂၊ ခ-၅ လမ်း၊ မြို့သစ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၈၅၀၂

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း ဒါယိကာမကြီး

ဒေါ်မြရီ (နေပြည်) အသက်(၈၉)နှစ်

နေပြည်မြို့၊ ဈေးပိုင်းရပ်နေ (ဦးဘဆင့်-ဒေါ်ဖွားညွန့်)တို့၏သမီး၊(ဒေါ်သန်းရွှေ)၊ (ဦးအေးမောင်-ဒေါ်သန်းငွေ)တို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ပုဇွန်တောင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၁၇၀/၁၇၂ (ပထပ်)နေ [ဦးအောင်မင်း(ခ) ဗိုလ်ကြီးစောအောင်မင်း (နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ မော်ကွန်းဝင် ပထမဆင့်)]၏ဇနီး၊ ဒေါ်သန်းသန်းဦး(ခ)နယ်လီ [စက်မှု(၁) ငြိမ်း၊ မြန်မာ့အထည်အလိပ်]၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်မြင့်မြင့်စန်း(ခ) ဘေဘီအောင် (အလက-၂၊ အင်းတိုင်)၊ ဦးအေးလွင်-ဒေါ်ကြည် ကြည်ခင်(ခ)ကစ်တီအောင်၊ ဦးခင်မောင်မြင့်၊ ဦးဇော်နိုင်(ခ) DANIEL ZAW NAING -ဒေါ်ဆန်းဆန်းမြင့် (USA)၊ ဦးဇော်အောင်(C/E. BLUE OCEAN SHIPPING)-ဒေါ်ကြည်ကြည်မိုးတို့၏မိခင်၊မြေး ၁၁ ယောက်၊ မြစ် သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၃-၂၀၁၄ရက် နံနက် ၂:၁၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း ဒါယိကာမကြီး

ဒေါ်မြရီ (နေပြည်) အသက်(၈၉)နှစ်

နေပြည်မြို့၊ ဈေးပိုင်းရပ်နေ (ဦးဘဆင့်-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဒေါ်သန်းရွှေ)၊ (ဦးအေးမောင်-ဒေါ်သန်းငွေ)တို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ၄၉ လမ်း၊ အမှတ် ၁၇၀/၁၇၂(ပထပ်)နေ [ဦးအောင်မင်း(ခ)ဗိုလ်ကြီးစောအောင်မင်း (နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ မော်ကွန်းဝင် ပထမဆင့်)]၏ဇနီး၊ ကိုရဲလွင်ဦး-စန္ဒီဆုမွန် (ခေတ္တ Singapore)၊ ကိုတင်အောင်ဝင်း(2/E. Maersk Tankers Singapore)-ဇာဇာမျိုးမြင့်(United Pharma)၊ ကိုကြည်ညွန့် (ပုညနရော်ဘာခြံ၊ပဲခူး)-မခင်မေလွင် (Bliss Internet Cafe)၊ ကိုအာကာဖြိုး (3/O,St.John Ship Management)၊ ဗိုလ်ကြီးဝင်းသိန်း(ရသခ)၊ ကိုသက်ဇင်အောင် (B.E Marine)၊ ဒေါက်တာသက်မြတ်နိုး(Brand Coordinator, HAN IDEAL TRADING. Ltd.)၊ မမေဖြိုးဇော်(N.Y,USA)၊ မဖြိုးရတနာဇော်(University Of Sydney, AUSTRALIA)၊ မတိုးရတနာဇော်(ဇင်ယော် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မခိုင်ရတနာဇော်(အထက-၂၊ အင်းစိန်)တို့၏ ဘွားဘွားကြီးသည် ၃၁-၃-၂၀၁၄ရက် နံနက် ၂:၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးတစ်စု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်မကျော့ (သံတွဲ-ဇာဒီပြင်)

အသက်(၈၉)နှစ်

သံတွဲမြို့၊ ဇာဒီပြင်ရွာနေ (ဦးဖိုးမောင်-ဒေါ်ငွေသင်)တို့၏သမီး၊ (ဦးအာဘူး)၏ဇနီး၊ ဦးသန်းခင်-ဒေါ်ခင်မူ(c/ပလီ)၊ ဦးညီသိန်း-ဒေါ်ခင်သန်း၊ ဦးသန်းရွှေ (အငယ်တန်းအင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်စန်းဌေးဝင်း (သ/မဦးစီး၊ ငြိမ်း)၊ ဦးသန်းတင် (လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ ဥက္ကဋ္ဌ ဥယျာဉ်မှူး အစ္စလာမ် ပညာရေးသုတေသနအဖွဲ့)-ဒေါ်ဝင်းဝင်းရီ၊ တရားလွှတ်တော်ရှေ့နေ အလ်ဟာဂျ် ဦးအောင်ထွန်း(ဒုဥက္ကဋ္ဌ၊ မမလဌာနချုပ်)-ဒေါ်သန်းသန်းနွယ်(အလပြ၊ ငြိမ်း)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၃-၂၀၁၄ရက် နံနက် ၈:၄၀နာရီတွင် အမှတ် ၁၀၊ ကြေးတိုင်စု ၁လမ်း၊ အင်းစိန်မြို့နယ်နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စရ်ဆွလားတ်အပြီးတွင် သန်လျင်မြို့ ငါးပါးသခင် မွတ်စလင်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ရိပ်သာ၊ဇရပ်၊တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ

ဆင်မင်း ဦးတင်ရွှေ (ဆင်မင်းဆပ်ပြာစက်)

အသက်(၈၁)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌကြီးသည် ၃၁-၃-၂၀၁၄ရက်(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အတူတကွ အထူးဝမ်းနည်းကြေကွဲရပါသည်။

သီတဂူအထောက်အကူပြုအဖွဲ့(ဆရာစံ)
နိဗ္ဗာန်ဆော်(ဝါတွင်း၊ ဝါပ)ဆွမ်းလောင်းအသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးတိုနီ(ခ)ဦးစိုးစိုး (အလုံ)

ဆင်ရတနာ(ရွှေဆိုင်)၊ (သိပ္ပံဈေး၊ အလုံ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် ၁၉၊ (၅/၆လွှာ)နေ ဒေါ်မြမြသိန်း၏ခင်ပွန်း၊ကိုမြင့်ဌေး-မနန်းသီတာ(ပန်းပိုးလတ် Pre School)၊ ကိုယဉ်ထွန်း-မရွှေယင်းမာထွန်း(ရွှေပြည်သိမ်း ရွှေဆိုင်၊ ရွှေရည်ဖူး ဖက်ရှင်ဆိုင်)၊ ကိုမျိုးမင်းဝေ-မမြင့်မြင့်အေး၊ ကိုလှစိုး-မသင်းသင်းနိုင်၊ ကိုကျော်မြင့်ထွန်း-မလမင်းမို့မို့ တို့၏ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၉:၃၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်လွှာ

အမှတ် ၂၅၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ်နေ ကွယ်လွန်သူ ဦးမင်းအောင် အသက်(၅၆)နှစ် ၂၄-၃-၂၀၁၄ ရက်၏နာရေးကိစ္စအဝဝကို အဘက်ဘက်မှကူညီပေးကြသော ဓမ္မဒူတတောရဆောက်န္တာရာမကျောင်းတိုက်မှ ဒါယကာ၊ ဒါယိကာမများ၊ ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုများ၊ ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျန်ရစ်သူမိသားစုများက အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၁၇၄၊ မြေကွက်တည်နေရာအမှတ် ၁၁၇၄၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်မောင်မောင်အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးတင်မောင်မောင် ၁၂/မရက(နိုင်)၀၈၁၅၅၄ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောနု (စစ်တွေမြို့)
အသက်(၉၄)နှစ်

(ဒေါက်တာဦးထွန်းအောင်ကျော်-ဒေါ်စောပု)တို့၏သမီး၊ (ဦးသထော်ဦး-ဒေါ်ဝင်းစံဦး)တို့၏ချွေးမ၊ (ဦးပန်းလှ)၏ဇနီး၊ ဒေါ်နုနုလှ၊ ဦးနုမောင်လှ-ဒေါ်လှမြသာ၊ ကပ္ပတိန်ကျော်ထွန်းဦး(M.V SDL Kobe)-ဒေါ်ဖြူဖြူလှ၊ ဦးညီဖြူလှ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ပါမောက္ခ ဒေါက်တာခင်စောသန်း(၁၇-၁၈၊ ရန်ကုန်ဆေးရုံကြီး)၊ ဒေါ်ဝင်းဝင်းသန်းတို့၏မိခင်၊ ကိုကံထွန်းဦး၊ ကိုထွန်းအောင်ဇံ၊ မောင်ပြည့်ဦးဇံ၊ မောင်အောင်ကျော်မင်း၊ မနုမြတ်သန္တာလှတို့၏ အဘွားရှင်သည် ၁-၄-၂၀၁၄ရက် မွန်းလွဲ ၁း၄၅နာရီတွင် ၂၈/၁၊ကံ့ကော်မြိုင်လမ်း၊ စုပေါင်း၊သုဝဏ္ဏ၊(၂၃)ရပ်ကွက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောနု (စစ်တွေမြို့)
အသက်(၉၄)နှစ်

ဦးညီဖြူလှ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်စောသန်းတို့၏မိခင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း နှင့်ဇနီး ဒေါက်တာဒေါ်မွန်မွန်သာ
ဘဏ္ဍာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောနု (စစ်တွေမြို့)
အသက်(၉၄)နှစ်

ဦးညီဖြူလှ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စောသန်းတို့၏မိခင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် နှင့်ဇနီး ဒေါ်ဝင်းဝင်းမေ
ဘဏ္ဍာရေးဝန်ကြီးဌာန

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးတင်လှ(ဘောဂကြီးမော်တော်ပိုင်၊ မုံရွာ)
အသက်(၈၇)နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်းနေ(ဦးမှီ-ဒေါ်အေးခင်)တို့၏သား၊ (ဦးအုန်း-ဒေါ်ကြင်လှ)တို့၏အစ်ကို၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးမြင့်စိုး-မချွေခင်တို့၏ဖခင်၊ မသက်ခင်ခင်စိုး၊ မလှိုင်ရွှေရည်ခင် တို့၏အဘိုး သည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် မုံရွာမြို့၊ ဘုရားကြီးလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် မုံရွာမြို့ စကျင်းသုသာန်သို့ မီးသင်္ဂြိုဟ်ရာတွင် လိုက်ပါပို့ဆောင်ပေးကြသော လယ်တီဝိပဿနာပြန့်ပွားရေးဖဟိုအဖွဲ့ချုပ် မဇ္ဈိမသီရိကုတ်ရိပ်သာ ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၊ ပဌမပဂ္ဂုလိကဘဏ်(မုံရွာ)၊ သာမဏေကျော်အဖွဲ့(မုံရွာ)၊ ကုန်စည်ဒိုင်(မုံရွာ)၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြင်
အသက်(၇၂)နှစ်

